# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက် ၊ အင်္ဂါနေ့ ၊ (29-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၂၅၂ ဧက စိုက်ပျိုးပြီးစီး



ချောင်းဦး အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၉၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၄၂၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါး ၁၁၉၉၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၄၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

**တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူ ကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများပေးအပ်**

စာမျက်နှာ- ၁၉

**တိုက်ကြီးမြို့နယ် ဥက္ကံကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး**

စာမျက်နှာ- ၂၀

**မကွေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခု ခွင့်ပြုပေးခဲ့**

စာမျက်နှာ- ၅

**ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ- ၂၅

### ထူးခြားသည့်နေ့အပူချိန်များ

(၂၈-၁၀-၂၀၂၄)

| | | |
|---|---|---|
| ဘားအံ | ၃၇ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၆ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက်အား သားကောင်းရတနာများ

ကမ္ဘာ့နိုင်ငံများရှိ နိုင်ငံသားတိုင်းသည် မိမိနေထိုင်ရာနိုင်ငံကို ချစ်မြတ်နိုးကြပြီး နိုင်ငံတကာနှင့် ယှဉ်လာလျှင် ကိုယ့်နိုင်ငံကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင်ဝင့်ထည်စေချင်သည့် စိတ်ဓာတ်မျိုးရှိကြပေသည်။ ထိုသို့စိတ်ဓာတ်မျိုးရှိရုံဖြင့် နိုင်ငံသည် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံသားတိုင်းလိုလားတောင့်တသည့် နိုင်ငံတော်ကြီး တိုးတက်ကောင်းမွန်စေရေး၊ အဖျက်အဆီးအနှောင့်အယှက်မရှိစေရေးအတွက်ကို နိုင်ငံသားတိုင်းက တညီတညွတ်တည်း ဝိုင်းဝန်းတည်ဆောက်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည်ဖြစ်ပေသည်။

လက်ရှိတွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်း အကြမ်းဖက်များ၏ လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲထိခိုက်မသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာနေရန် လိုအပ်လာသည်။ အင်အားတောင့်တင်းခိုင်မာသော ကာကွယ်ရေးအင်အားဖြင့်သာ နိုင်ငံတော်နှင့် နိုင်ငံသားများကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသောကြောင့် နိုင်ငံ၏ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူ နိုင်ငံသားတိုင်းက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန် လိုအပ်လာသည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင်လည်း နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ လိုအပ်သော ကာကွယ်ရေးစွမ်းအားစုများ စုဆောင်းနိုင်ရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေများကို ထုတ်ပြန်ကျင့်သုံးလျက်ရှိကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် မြော်တွေးပြီး မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို ရေးဆွဲခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/ ၂၀၁၀)ဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြနိုင်ရန်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အရွယ်ရောက်သူတိုင်း စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်နိုင်ရန် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အသက်ဝင်စေခဲ့သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ်ရန်အတွက် စစ်ပညာများကို သင်ကြားနေကြသည့် နိုင်ငံ့သားကောင်းများ နိုင်ငံတော်ကာကွယ်ရေး ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် တတ်ရောက်နေကြသည်မှာ ယခုအခါ သင်တန်းအမှတ်စဉ်(၆)သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ပြီးနောက် သင်တန်းဆင်းလာသော နိုင်ငံကိုချစ်သော ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ် အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၂၈**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက သွေးလှူဒါန်းခြင်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ်(၉ထပ်ဆောင်)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့တို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများ၏သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများကို နွေးထွေးစွာ နှုတ်ဆက်အားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းထားသောသွေးအိတ်များကို ပေးအပ်ရာ မန္တလေး ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးကလက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ပြောင်း၊နှမ်း စသည့်ကုန်စည်များထဲတွင် ကုလားပဲနှင့်မတ်ပဲ အမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ယခုလက်ရှိတွင်ကုလားပဲနှင့်မတ်ပဲအမျိုးအစားများကို ကုန်သည်များဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့မတ်ပဲတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် တခြား ပြောင်းတို့ ဂျုံ တရုတ်ပဲကြီး စတဲ့ ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ် ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်းတို့ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက် အနေအထားအရ မတ်ပဲမှာလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ယနေ့ပေါက်ဈေးမှာ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

( ၁၈၄)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပလာတူးငါးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ပလာတူးငါး ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့်ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ဩဂုတ်လအတွင်းက ပလာတူးငါး ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း ပလာတူးငါး ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ဖျာပုံမြို့နယ်ဘက်ကပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးငါးတွေကိုတင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကိုဖျာပုံမြို့ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုအရောင်းအဝယ်တွေပုံမှန်ထက် ပိုမိုအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးခင်မောင်ထွန်း- ဒေါ်ခင်ဝင်းကျော်မိသားစုက နှစ်ဖက်မိဘများအားရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီစားသုံးမှုဖူလုံစေရန် ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဆီစားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ကေပြည့်မီစေရေးအတွက် နိုဝင်ဘာလပထမပတ်တွင် စိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်း၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“ဒီနှစ် ဆောင်းရာသီမှာ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေဖို့၊ ဆီထွက်သီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပန်းနှမ်းသီးနှံ ၁၁၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ပန်းနှမ်းသီးနှံက ဒီဒေသမှာအောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို အခက်အခဲမရှိအဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်အတွက် ပန်းနှမ်းသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခင်နှစ်ကဆီထွက်သီးနှံပန်းနှမ်းစိုက်ပျိုးခြင်းကို ၁၂၁ ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း ပန်းနှမ်း ၁၁၅ ဧကစိုက်ပျိုးရန်လျာထားရှိရာ သတ်မှတ်စိုက်ကေပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## စဉ့်ကိုင်မြို့နယ် တအုံ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တအုံ(န)ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တအုံ(န)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခုံးမပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခုံးမပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီရီဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငါးခုံးမ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးခုံးမပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ငါးခုံးမများအပါအဝင် ရေထွက်ကုန်များကို အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခုံးမတွေကို ရန်ကုန်ဈေးကွက်ထဲ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ငါးခုံးမက ပြီးခဲ့တဲ့လကထက် လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ၁၈ ပိဿာထိပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီရီဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်၊ မန္တလေးမြို့၊ မိတ္ထီလာမြို့၊ မုံရွာမြို့ စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခုံးမများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီရီဌေးက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မြေဆီလွှာနှင့်မြေသြဇာ အပိုင်း(၁၀)

**ပါမောက္ခကိုကိုအောင်**

သဲမြေ၊ နုန်းနုမြေနှင့် မြေစေးမြေတို့သည် အရွယ်အစား မတိမ်းမယိမ်းရှိနေကြသည့် မြေမှုန့်များပါဝင်ဖွဲ့စည်းထားသည့် မြေဆီလွှာများဖြစ်ကြသည်။ အဆိုပါမြေဆီလွှာမျိုးများကို နေရာဒေသမရွေးတွေ့ရှိနိုင်ကြသည့်တိုင် ၎င်းတို့မှာ သဘာဝယန္တရားကြီးက အများဆုံးထုတ်လုပ်ပေးနေသော မြေဆီလွှာများ မဟုတ်ကြပေ။ သဘာဝယန္တရားကြီးလည်ပတ်နေမှုတွင်ပါဝင်သော လုပ်ငန်းစဉ်များကြောင့် မြေဆီလွှာဖြစ်လာအောင် ရောစပ်ပေးနေသော မြေမှုန့်အရွယ်အစားအမျိုးမျိုးကို နုန်းမြေများ၌တွေ့ရှိနိုင်သည်။ နုန်းမြေဖြစ်လာအောင် သဘာဝယန္တရားကြီးက ရောနှောပေါင်းစပ်ပေးရာတွင် ပါဝင်ဖွဲ့စည်းနေသည့် မြေမှုန့်တို့၏အရွယ်ပမာဏများအပေါ် မူတည်ကာ ကျောက်စရစ်နုန်းမြေ၊ သဲနုန်းမြေ၊ သဲမှုန့်နုနုန်းမြေ၊ နုန်းနုနုန်းမြေ၊ မြေစေးနုန်းမြေ၊ နုန်းနုမြေစေး၊ နုန်းမြေစသည်ဖြင့် အမျိုးမျိုး ကွဲပြားစွာဖြစ်ပေါ်လာသည်။

စံပြမြေဆီလွှာဟုခေါ်တွင်သော သြဇာကောင်းမွန်သည့် မြေဆီလွှာအများစုမှာ နုန်းမြေပင်ဖြစ်သည်။ အဆိုပါ နုန်းမြေတွင် သဲ၊ နုန်းနု၊ မြေစေးတို့၏ ကောင်းမွန်သော ဂုဏ်သတ္တိများအားလုံးက ပေါင်းစပ်ပါဝင်နေသော်လည်း ၎င်းတို့၌ ချွတ်ယွင်းချက်တချို့ရှိနေနိုင်သည်။ နုန်းမြေသည် လွယ်ကူစွာ ထယ်ထိုး၊ ထွန်ယက်လုပ်ကိုင်နိုင်စေပြီး ရေကို လျင်မြန်စွာ စိမ့်ဝင်စိမ့်ထွက်စေနိုင်ရုံမျှမက လေပမာဏများစွာကိုလည်း ဝင်ထွက်စေနိုင်သည်။ နုန်းနုမြေနှင့် မြေစေးမြေတို့မှာကဲ့သို့ပင် အပင်အတွက် လိုအပ်သောအာဟာရများကို အစဉ်သဖြင့် လွယ်လွယ်ကူကူရရှိနိုင်သော အခြေအနေ၌ ရှိနေကြသည်။ ထို့ကြောင့်ပင် မြေသြဇာအကောင်းဆုံးသော မြေဆီလွှာများမှာ နုန်းမြေများသာလျှင် ဖြစ်ကြသည်။

**သဲမြေတွင် သဲလတ်နှင့် သဲမှုန့်နုတို့က ရာခိုင်နှုန်းအများဆုံးပါဝင်နေကြပြီး မြေစေးက ရာခိုင်နှုန်းအနည်းငယ်မျှသာ ပါဝင်နေသည်။ သဲနုန်းမြေ၌မူ သဲလတ်နှင့် သဲမှုန့်နုတို့က ၅၀ ရာခိုင်နှုန်းခန့် ပါဝင်နေပြီး မြေစေးက ခုနစ်ရာခိုင်နှုန်းခန့်ထိ ပါဝင်နေသည်။ နုန်းမြေတွင် အလွန်နုသောသဲနှင့် နုန်းနုတို့က ၇၅ ရာခိုင်နှုန်းခန့်ထိပါဝင်နေကာ မြေစေးက ၁၂ ရာခိုင်နှုန်းထိပါဝင်နေသည်။ နုန်းနုနုန်းမြေ၌မူ နုန်းနုတစ်မျိုးတည်းက ၆၀ ရာခိုင်နှုန်းထိပါဝင်နေပြီး မြေစေးက ၂၀ ရာခိုင်နှုန်းထိ ပါဝင်လာသည်။ မြေစေးနုန်းမြေ၌မူ နုန်းနုပမာဏက ၅၀ ရာခိုင်နှုန်းမျှသာ ပါဝင်နေပြီး မြေစေးက ၃၀ ရာခိုင်နှုန်းထိ ပါဝင်ဖွဲ့စည်းလျက်ရှိနေသည်။**

မြေဆီလွှာတို့၏အကြောင်းကို ထဲထဲဝင်ဝင်သိလိုပါက ထိုမြေဆီလွှာများ၌ပါဝင်နေသော မြေမှုန့်တို့၏အရေအတွက်ပမာဏကို မေ့လျော့ချန်လှပ်ထားရန် မသင့်ပေ။ မြေဆီလွှာအတန်းအစား အမျိုးမျိုးတို့တွင် မြေမှုန့်တို့၏ပါဝင်မှုအရေအတွက်က အလွန်တရာများပြားလှသည်ကိုလည်း သတိမချွတ်အပ်ပေ။ သဲမြေ၊ နုန်းမြေ၊ နုန်းနုမြေနှင့် မြေစေးမြေတို့၌ မြေမှုန့်တို့၏ပါဝင်မှုပမာဏက အဆတိုး၍ ရှိနေကြသည်ကို အောက်ပါဇယား၌ လေ့လာကြည့်နိုင်ပါသည်။



အကယ်စင်စစ်အားဖြင့် မြေဆီလွှာတွင် ပါဝင်နေကြသည့် မြေမှုန့်ကလေးများသည် ပုံသဏ္ဍာန်တူသော အလုံးကလေးများ၊ လေးထောင့်ကလေးများ မဟုတ်ကြသည့်တိုင် ပုံသဏ္ဍာန်တူသော အလုံးသို့တည်းမဟုတ် လေးထောင့်ကလေးများဟုယူဆကာ မြေဆီလွှာအလေးချိန်တစ်ပေါင်၌ ပါဝင်နေသည့် မြေမှုန့်ပမာဏများကို တွက်ချက်ကြည့်လျှင် အောက်ပါအတိုင်း အံ့သြဖွယ်တွေ့ရှိကြရလိမ့်မည်ဖြစ်သည်။

| | |
|---|---|
| သဲမြေ၌မြေမှုန့်ပါဝင်မှု | ၁,၁၀၀,၀၀၀,၀၀၀,၀၀၀ (သိန်းပေါင်း ၁၁ သန်း) |
| နုန်းမြေ၌မြေမှုန့်ပါဝင်မှု | ၃,၅၀၀,၀၀၀,၀၀၀,၀၀၀ (သိန်းပေါင်း ၃၅ သန်း) |
| နုန်းနုမြေ၌မြေမှုန့်ပါဝင်မှု | ၅,၄၀၀,၀၀၀,၀၀၀,၀၀၀ (သိန်းပေါင်း ၅၄ သန်း) |
| မြေစေးမြေ၌မြေမှုန့်ပါဝင်မှု | ၈,၅၀၀,၀၀၀,၀၀၀,၀၀၀ (သိန်းပေါင်း ၈၅ သန်း) |

မြေမှုန့်တို့၏ အရေအတွက်ပမာဏများက မြေဆီလွှာတွင်ပါဝင်နေသော မြေမှုန့်မျက်နှာပြင်ဧရိယာစုစုပေါင်း၏ အကျယ်အဝန်းကိုလည်း တွက်ချက်သိရှိစေနိုင်သည်။ ၎င်းမြေမှုန့်တို့၏ အစုအဝေးမျက်နှာပြင်များက အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေတို့၏ဖြတ်သန်းစီးဆင်း ဝင်ထွက်သွားလာနိုင်မှုကိုလည်း ကန့်သတ်ထိန်းချုပ်ပေးထားလျက်ရှိနေသည်။ အာဟာရပျော်ဝင်မှုနှုန်းနှင့် အပင်တို့၏အာဟာရ ရရှိမှုတို့က မြေမှုန့်တို့၏ မျက်နှာပြင်အကျယ်အဝန်းပေါ်၌ အဓိကတည်မှီလျက်ရှိနေသည်။

သဲမြေဆီလွှာ အလေးချိန်တစ်ပေါင်လျှင် မြေမျက်နှာပြင်ဧရိယာ စတုရန်းပေ ၂၀၀ ရှိပြီး နုန်းမြေ မြေဆီလွှာ အလေးချိန်တစ်ပေါင်လျှင် မြေမျက်နှာပြင်ဧရိယာ စတုရန်းပေ ၁၀၀၀ ရှိသည်။ နုန်းနုမြေဆီလွှာ အလေးချိန်တစ်ပေါင်လျှင် မြေမျက်နှာပြင်ဧရိယာက စတုရန်းပေ ၁၆၀၀ ရှိပြီး မြေစေးမြေဆီလွှာ အလေးချိန်တစ်ပေါင်လျှင် မြေမျက်နှာပြင်ဧရိယာက စတုရန်းပေ ၂၀၀၀ ထိ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်တည်ရှိနေသည်။

ထိုနည်းတူပင် အနက်တစ်ပေဒုရှိသည့် သဲမြေဆီလွှာတစ်ဧကသည် မြေမျက်နှာပြင်ဧရိယာ ဧကပေါင်း ၂၂၀၀၀ ကိုဖြစ်ပေါ်နေစေပြီး နုန်းမြေ မြေဆီလွှာ တစ်လက်မဒုတစ်ဧကတွင်မူ မြေမျက်နှာပြင်ဧရိယာ ဧကပေါင်း ၇၅၀၀၀ ကို ကျယ်ပြန့်စွာတည်ရှိနေစေသည်။ နုန်းနုမြေဆီလွှာ တစ်လက်မဒုတစ်ဧကကလည်း မြေမျက်နှာပြင်ဧရိယာ ဧကပေါင်း ၁၂၅၀၀၀ ကို ဖြန့်ကြက်တည်ရှိနေစေသလို မြေစေးမြေဆီလွှာတစ်လက်မဒု တစ်ဧကကလည်း မြေမျက်နှာပြင်ဧရိယာဧကပေါင်း ၁၇၀၀၀၀ ကို ကျယ်ပြန့်စွာ ဖြန့်ကြက်တည်ရှိနေစေသည်။

ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် သဲမြေဆီလွှာတွင် ပါဝင်သည့် အတွင်းမျက်နှာပြင်၏အကျယ်အဝန်းသည်ပင်လျှင် အလွန်တရာ ကြီးမားကျယ်ပြန့်နေကြောင်း ဆင်ခြင်သုံးသပ်နိုင်ကြမည်ဖြစ်သည်။ ထိုမျှ အံ့မခန်းကျယ်ဝန်းလှသည့်မျက်နှာပြင်က ရေနှင့်ထိတွေ့သောအခါ မြေဆီလွှာအတွင်းရှိ နှေးကွေးစွာပျော်ဝင်တတ်သည့် တွင်းထွက်ပစ္စည်းများကို ပျော်ဝင်ရည်အဖြစ် လွယ်ကူစွာပင် ကူးပြောင်းစေလျက် အပင်များကို လုံလုံလောက်လောက်ထောက်ပံ့ပေးနိုင်ခြင်းမှာ အံ့သြဖွယ်ရာမဟုတ်တော့ပေ။ အဘယ်ကြောင့် မြေဆီလွှာများက မြေသြဇာများကို စုပ်ယူထားနိုင်ကြောင်းကိုလည်းကောင်း ဓာတ်ငွေ့များကို ငွေ့ရည်အဖြစ်ဖွဲ့နိုင်ကြောင်းကိုလည်းကောင်း၊ ရှုပ်ထွေးလှသော ဓာတ်ပြောင်းလဲမှုများကို လျင်လျင်မြန်မြန်ဖြစ်ပေးစေနိုင်ကြောင်းကိုလည်းကောင်း ဆက်စပ်တွေးဆနိုင်ကြလိမ့်မည်လည်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ ဆက်စပ်နေပုံများကို လေ့လာကြည့်သည့်အခါ၌ ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို လုပ်ကိုင်နေသော စိုက်ပျိုးတောင်သူတို့အနေဖြင့် ထယ်ထိုးခြင်း၊ ထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ရေသွယ်မြောင်းများဖောက်လုပ်ခြင်း၊ ကွန်တိုထယ်ကြောင်းများ ဖန်တီးခြင်း၊ ရေကိုထိန်းသိမ်းထားခြင်း စသော လယ်ယာစိုက်ပျိုးမှုဆိုင်ရာ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို မြေတစ်ကေမ္ဘာပေါ်၌ လုပ်ကိုင်နေခြင်းသည်ပင်လျှင် ဆက်စပ်မြေကေထောင်ပေါင်းများစွာကို တစ်ပြိုင်တည်းလုပ်ကိုင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်းကို သဘောပေါက်သိရှိလာလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့သော လုပ်ကိုင်ဆောင်ရွက်မှု အဆင့်ဆင့်တို့ကလည်း မြေဆီလွှာအတွင်းရှိ မြေသြဇာများ ထက်သန်ကောင်းမွန်ရေးအတွက် လုပ်သင့်လုပ်ထိုက်သော မှန်ကန်သင့်လျော်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်နေခြင်းမည်ပေသည်။

## ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး



ငဖဲ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါင်းကလေးကျေးရွာအုပ်စု ပေါင်းကလေးကျေးရွာတွင် တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့်အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည့်အချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေတတိယအကြိမ်အဖြစ် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူ ၁၀၇ ဦးထံသို့ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။ **ဇင်မာ**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မကွေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ခြောက်ခု ခွင့်ပြုပေးခဲ့



**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပထမ ခြောက်လတာ ကာလအတွင်း လုပ်သား ၅၃၇ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို လုပ်ကိုင်ခွင့်ပြုပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်က ပြောပြ၍ သိရသည်။

အဆိုပါလုပ်ငန်းခြောက်ခုတို့၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် မြန်မာငွေကျပ်ဘီလီယံ ၂၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ၅၃၇ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားများမှာ စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ယခုဘဏ္ဍာနှစ် ပထမခြောက်လတာ ကာလအတွင်းမှာ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ခြောက်ခု ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းသစ်ခြောက်ခုမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်ဘီလီယံ ၂၀ ကျော်ကို ခွင့်ပြုပေးနိုင်ခဲ့ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး ခွင့်ပြုပေးခဲ့ပါတယ်။ အဲဒီလုပ်ငန်းခြောက်ခုကနေ လုပ်သား ၅၃၇ ဦးကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်"ဟု မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်က ပြောပြသည်။

အဆိုပါ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ အပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အား တိုးမြှင့်ခြင်းတို့လည်း ရှိခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အလုပ်အကိုင် အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ASH

## စစ်ကိုင်းမြို့နယ် ချောင်းပေါက်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်း စစ်ဆေး

**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ချောင်းပေါက်ကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချို၊ စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချောင်းပေါက်ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေသန့်စင်စနစ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ချောင်းပေါက်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDPစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ငွေကျပ် ၂၀ ဒသမ ၆ သိန်း စုစုပေါင်းငွေကျပ် ၁၇၀ ဒသမ ၆ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## သားကောင်းစစ်သည်

- မျိုးမြန်မာ ဇာတိဘွား
  ပြည်ချစ်သား စုံလင်တယ်၊
  မြန်မာ့မြေ ပြည်ရွာအကျိုး
  သယ်ပိုးရွက်သယ်၊
  ငါတို့၏ နယ်မြေရယ်
  အမြဲကာကွယ် ဆင်နွှဲ၊
  ရန်စွယ်တွေ ကျော်ဖြတ်လှမ်းသည်
  ကြိုးပမ်းအောင်ပွဲ။

- ဘုံရန်သူ မကြောက်ဘဲ
  စွန့်စားရဲ သတ္တိပြောင်၊
  သမိုင်းတွင် မြန်မာမျိုး
  နိုးကြားရှေ့ဆောင်၊
  စစ်သည်များ တိုက်ပွဲအောင်
  ရန်မရှောင် ရှေ့ချီတက်၊
  ရွှေမြန်မာ အစဉ်အလာကောင်းဖို့
  စုပေါင်းရှေ့ဆက်။

- ပြည်သူတွေ ဘေးကင်းလျက်
  နေဖို့တွက် နည်းဗျူဟာ၊
  စစ်သည်တော် အသက်ချွေး
  ပေးဆပ်မြဲပါ၊
  ပြည်ထောင်စု ငြိမ်းချမ်းသာ
  စောင့်ရှောက်ကာ ကြိုးစား၊
  ပေးဆပ်သည် မျိုးချစ်စိတ်ဖြင့်
  ထိပ်တန်းမှာထား။ ။

**မောင်စစ်သွေး**


COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

# ဂါဇာစစ်ပွဲ နှစ်ရက်ကြာ အပစ်ရပ်စဲရန် အီဂျစ်သမ္မတ အယ်လ်စီစီ အဆိုပြု



**ကိုင်ရို အောက်တိုဘာ ၂၈**

ဂါဇာကမ်းမြောင် ဒေသ၌ နှစ်ရက်ကြာအပစ်အခတ်ရပ်စဲ၍ အစ္စရေးနှင့် ပါလက်စတိုင်း ဟားမတ်စ်အုပ်စုတို့ကြား အကျဉ်းသားချင်းလဲလှယ်ရန် အီဂျစ်နိုင်ငံကအဆိုပြုထားကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂါဇာကမ်းမြောင်စစ်ပွဲအပြီးသတ်နိုင်ရေးအတွက် ပဏာမခြေလှမ်းအဖြစ် ဂါဇာဒေသ၌ နှစ်ရက်ကြာအပစ်အခတ်ရပ်စဲရန် အီဂျစ်နိုင်ငံက အစ္စရေးနှင့် ဟားမတ်စ်အုပ်စုကို အဆိုပြုထားကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက အတည်ပြုထားသည်။

နှစ်ရက်ကြာ အပစ်အခတ်ရပ်စဲရေးကာလသည် ဟားမတ်စ်အုပ်စုဖမ်းဆီးထားသည့် အစ္စရေးဓားစာခံလေးဦးနှင့် ပါလက်စတိုင်းအကျဉ်းသားအချို့ကို အပြန်အလှန် လဲလှယ်နိုင်မည်ဖြစ်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယား သမ္မတ အက်ဘ်ဒယ်မာဂျစ်တီဘူနီနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကိုင်ရိုမြို့၌ကျင်းပခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အီဂျစ်သမ္မတက အတည်ပြုကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အီဂျစ်သမ္မတ အယ်လ်စီစီ၏ ဂါဇာစစ်ပွဲ နှစ်ရက်ကြာအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အယ်လ်ဂျီးရီးယားသမ္မတကလည်း အခိုင်အမာ ထောက်ခံအားပေးထားသည်။

လက်ရှိအချိန်တွင် အီဂျစ်သမ္မတ၏နှစ်ရက်ကြာ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အစ္စရေးနှင့်ဟားမတ်စ်အုပ်စုတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်ကို အစ္စရေးတိုက်ခိုက်မှုအတွက် ကုလလုံခြုံရေးကောင်စီအစည်းအဝေးကျင်းပမည်



**နယူးယောက် အောက်တိုဘာ ၂၈**

အီရန်နိုင်ငံကို အစ္စရေးနိုင်ငံက တိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့တွင် ကျင်းပမည်ဖြစ်သည်။

အီရန်နိုင်ငံက ပြုလုပ်ခဲ့သည့် ဒုံးကျည် တိုက်ခိုက်မှုတစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေး လေတပ်မှစစ်လေယာဉ်များသည် အောက်တိုဘာ ၂၆ ရက်တွင် အီရန်နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အီရန်နိုင်ငံ၏မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့တွင် ကျင်းပရန် စီစဉ်ထားကြောင်း လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံက ကြေညာထားသည်။

အစ္စရေး၏ အောက်တိုဘာ ၂၆ ရက်တိုက်ခိုက်မှုအတွက် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူရန် အီရန်၏တောင်းဆိုချက်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အယ်လ်ဂျီးရီးယား၊ တရုတ်နှင့် ရုရှားတို့က ထောက်ခံခဲ့ကြကြောင်း ကုလသမဂ္ဂဆိုင်ရာ ဆွစ်ဇာလန် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေမှုအား တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံကို အောက်တိုဘာ ၁ ရက်တွင်ဒုံးကျည်အစင်း ၂၀၀နီးပါးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အီရန်၏ အဆိုပါတိုက်ခိုက်မှုကို စစ်ရေးအရ လက်တုံ့ပြန်မည်ဟု အစ္စရေးနိုင်ငံက ပြောကြားထားရာ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲ၌ လက်ရှိအာဏာရပါတီ အမတ်နေရာအများစုဖြင့်ရပ်တည်နိုင်စွမ်း လက်လွှတ်ခဲ့ရ

**တိုကျို အောက်တိုဘာ ၂၈**

အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပခဲ့သော ဂျပန်အောက်လွှတ်တော် ရွေးကောက်ပွဲတွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာ၏ လက်ရှိအာဏာရ ညွန့်ပေါင်းအုပ်စု မှာ အမတ်နေရာအများစုဖြင့် လွှတ်တော်ကို ထိန်းချုပ်နိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အဆိုပါ အောက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အီရှီဘာ၏ လက်ရှိအာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့် မိတ်ဖက်ကိုမီအီတိုပါတီအနေဖြင့် အောက်လွှတ်တော်အမတ်နေရာ စုစုပေါင်း ၄၆၅ နေရာအနက် ၂၁၅ နေရာကိုသာ ရရှိခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ ၂၇ ရက်ရွေးကောက်ပွဲ၌ အမတ်နေရာအများစုဖြင့် လွှတ်တော်ကို ထိန်းချုပ်နိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရမှုအတွက် ဝန်ကြီးချုပ်အီရှီဘာ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အနေဖြင့် ညွန့်ပေါင်းအစိုးရအဖွဲ့၌ တတိယမြောက် မိတ်ဖက်ပါတီ တစ်ခုကို ထည့်သွင်းရေးအတွက် ကြိုးပမ်းရတော့မည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် အောက်လွှတ်တော်ရွေးကောက်ပွဲများအား ပုံမှန်ထက်စော၍ ကျင်းပမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရာထူးရရှိပြီးချိန်မှာပင် ကြေညာခဲ့သည်။

ဝန်ကြီးချုပ်အီရှီဘာအနေဖြင့် ၎င်း၏မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ထောက်ခံမှု အခိုင်အမာရရှိရေးအတွက် အောက်လွှတ်တော်ရွေးကောက်ပွဲများကိုပုံမှန်ထက်စော၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အောက်လွှတ်တော်ရွေးကောက်ပွဲ၌ အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်း ဆုံးရှုံးခဲ့ရသော်လည်း လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့် ညွန့်ပေါင်းအစိုးရကို ဆက်လက်ဦးဆောင်မည်ဟု ဝန်ကြီးချုပ် အီရှီဘာက ယနေ့တွင် ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# စင်ကာပူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် လေကာမှန်ကွဲအက်မှုကြောင့်လမ်းကြောင်းပြောင်းဆင်းသက်

**စင်ကာပူ အောက်တိုဘာ ၂၈**

စင်ကာပူလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၂၇ ရက်တွင် စင်ကာပူမှ ဂျပန်နိုင်ငံသို့ ဦးတည်ပျံသန်းနေစဉ် လေကာမှန်ကွဲအက်လာခဲ့မှုကြောင့် တရုတ်(တိုင်ပေ) သို့လမ်းကြောင်းပြောင်း ပျံသန်းခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ အောက်တိုဘာ ၂၇ ရက်ညပိုင်းတွင် စတင်ပျံသန်းခဲ့ရာ ဂျပန်နိုင်ငံ ဟာနီဒါလေဆိပ်သို့ ယနေ့နံနက်ပိုင်းတွင် ဆင်းသက်ရမည်ဖြစ်သည်။

သို့သော် ဂျပန်နိုင်ငံသို့ဦးတည်ပျံသန်းနေစဉ် လေယာဉ်လေကာမှန်ကွဲအက်မှုကြောင့် တရုတ်(တိုင်ပေ)ရှိ တောက်ယွန်နိုင်ငံတကာလေဆိပ်သို့ လမ်းကြောင်းပြောင်း ပျံသန်းဆင်းသက်ခဲ့ရကြောင်း စင်ကာပူလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဘိုးအင်း ၇၇၇-၃၀၀ အီအာရ် အမျိုးအစား ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည် ၂၄၉ ဦးနှင့် လေယာဉ်အမှုထမ်း ၁၇ ဦးတို့ လိုက်ပါသွားသည်။

အဆိုပါခရီးသည်တင်လေယာဉ်၏ လေကာမှန်ကွဲအက်မှုပြဿနာကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း စင်ကာပူ လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်ကြောင့် ခရီးစဉ်တွင် လိုက်ပါလာသော ခရီးသည်များအနေဖြင့် ဂျပန်နိုင်ငံ ဟာနီဒါလေဆိပ်သို့ ပုံမှန်ထက် ၁၈ နာရီခန့်နောက်ကျ၍ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယခုဘဏ္ဍာနှစ် ပနားမားတူးမြောင်း၏ ဝင်ငွေဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံထိရှိ



**ကိုင်ရို အောက်တိုဘာ ၂၈**

ယခုလတွင် ပြီးဆုံးမည့် တစ်နှစ်တာ ဘဏ္ဍာနှစ်အတွင်း ပနားမားနိုင်ငံ ပနားမားတူးမြောင်း၏ဝင်ငွေမှာ ယခင်ဘဏ္ဍာနှစ်ကထက် ၉ ဒသမ ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပနားမားတူးမြောင်း၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ၄၅ ဘီလီယံထိရှိခဲ့ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

မိုးခေါင်ရေရှားပြဿနာကို တတိယမြောက်နှစ်အဖြစ် ဆက်လက်ရင်ဆိုင်ခဲ့ရပြီး တူးမြောင်းအတွင်း သင်္ဘောအဝင်၊ အထွက်ကျဆင်းခဲ့သည့်တိုင် ပနားမားတူးမြောင်း၏ နေ့စဉ်ဝင်ငွေ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ပနားမား တူးမြောင်းသည် ယခုနှစ်အတွင်း မိုးခေါင်ရေရှားပြဿနာကို တတိယမြောက်နှစ်အဖြစ် ဆက်လက်ရင်ဆိုင်ခဲ့ရသည်ဖြစ်ရာ စူးအက်တူးမြောင်းတာဝန်ရှိသူများသည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၄ ခုနှစ် နှစ်စပိုင်းကာလအတွင်းတူးမြောင်းဖြတ်သန်းနိုင်သည့် သင်္ဘောအရေအတွက်ကို လျှော့ချခဲ့ရသည်။

ယခု ဘဏ္ဍာနှစ်အတွင်း ပနားမား တူးမြောင်းအတွင်းသို့ သင်္ဘောများ နေ့စဉ်ဝင်ရောက်မှုနှုန်းမှာ တစ်ရက်လျှင် ပျမ်းမျှ ၂၇ ဒသမ ၃ စီးထိရှိခဲ့ပြီး ကုန်စည်ပမာဏတန်ချိန် ၄၂၃ သန်းကိုသယ်ပို့ပေးခဲ့ကြကြောင်း ပနားမားတူးမြောင်း တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယခင်ဘဏ္ဍာနှစ်တွင်မူ ပနားမားတူးမြောင်းတွင်းသို့ နေ့စဉ်သင်္ဘောဖြတ်သန်းမှုနှုန်းမှာ တစ်ရက်လျှင် ပျမ်းမျှ ၃၆ စီးထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ခရီးသည်တင်ဘတ်စကားတစ်စီးအရွယ်ရှိသည့် ဂြိုဟ်သိမ်တစ်စင်း ကမ္ဘာနှင့်ဂြိုဟ်ရံလကြားမှ ဖြတ်ကျော်ပျံသန်းမည်



**ဝါရှင်တန် အောက်တိုဘာ ၂၈**

ခရီးသည်တင် ဘတ်စကားတစ်စီးအရွယ်ရှိသည့် ဂြိုဟ်သိမ်တစ်စင်းသည် အောက်တိုဘာ ၂၉ ရက်တွင် ကမ္ဘာနှင့်ဂြိုဟ်ရံလကြားမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

2024 UQ1 ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၂၅ ဒသမ ၃ ပေနှင့် ၅၅ ဒသမ ၈ ပေ ကြားရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

2024 UQ 1 ဂြိုဟ်သိမ်သည် အောက်တိုဘာ ၂၉ ရက်တွင် ကမ္ဘာဂြိုဟ်ကိုမိုင်ပေါင်း ၁၄၈၀၀၀ အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

အောက်တိုဘာ ၂၉ ရက်တွင် 2020 WG အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းသည်လည်း ကမ္ဘာမြေကို အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အရွယ်အစားအားဖြင့် အချင်းပေ ၅၀၀ ထိရှိသော 2020 WG ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၇၀၀၀၀ အကွာမှ ဖြတ်ကျော်မည်ဖြစ်သည်။

အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင်လည်း အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်သုံးစင်း ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ခဲ့ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## နာတာရှည်ကျောက်ကပ်ရောဂါလူနာများအတွက် Ozempic ထိုးဆေးက အကျိုးသက်ရောက်မှုရှိ

**အမ်စတာဒမ် အောက်တိုဘာ ၂၈**

ဆီးချိုရောဂါနှင့်ကိုယ်အလေးချိန်လျှော့ချရေးတို့အတွက် သုံးစွဲသည့် Ozempic ထိုးဆေးသည် နာတာရှည် ကျောက်ကပ်ရောဂါလူနာများအတွက် အကျိုးသက်ရောက်မှုများရှိနေကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Ozempic တွင်ပါဝင်သော Semaglutide ဓာတုဒြပ်ပေါင်းသည် နာတာရှည် ကျောက်ကပ်လူနာများ၏ ကျောက်ကပ်ပျက်စီးမှုအဆင့်ကို ပြသသည့်ပရိုတင်းများ ဆီးအတွင်း ပါဝင်မှုနှုန်းကို ၅၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Semaglutide ဓာတုဒြပ်ပေါင်းသည် လူနာများ၏ ကျောက်ကပ်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည်ကိုလည်း တွေ့ရကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန်သုတေသနပညာရှင်များသည် နာတာရှည်ကျောက်ကပ်ရောဂါလူနာ ၁၀၁ ဦးတို့ကို Semaglutide ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Semaglutide ရယူထားသည့်လူနာများ၏ ဆီးအတွင်း ကျောက်ကပ်ပရိုတင်းများပါဝင်မှု ၅၂ ရာခိုင်နှုန်းကျဆင်းသွားပြီး ကျောက်ကပ်ရောင်ရမ်းမှုအဆင့်မှာလည်း ၃၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## စတားလိုင်နာအာကာသလူသယ်ယာဉ် စမ်းသပ်မစ်ရှင်၌ ဖြစ်ပေါ်ခဲ့သောပြဿနာများကို နာဆာက စုံစမ်းစစ်ဆေးနေဆဲဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အာကာသယာဉ်မှူးများလိုက်ပါသွားသည့် ပထမဆုံး စတားလိုင်နာ အာကာသလူသယ်ယာဉ် စမ်းသပ်မစ်ရှင်၌ ဖြစ်ပေါ်ခဲ့သော ပြဿနာများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဘိုးရင်းကုမ္ပဏီနှင့် နာဆာသည် နာဆာ အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ယခုနှစ် ဇွန်လအတွင်း နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့်အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သော်လည်း ဒုံးကန်



အားစနစ်ပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသည်။

သို့ဖြစ်ရာ စတားလိုင်နာ အာကာသ လူသယ်ယာဉ်သည် အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါခြင်းမရှိဘဲ ယခုနှစ် စက်တင်ဘာ ၆ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။

လက်ရှိအချိန်တွင် စတားလိုင်နာ အာကာသလူသယ်ယာဉ်၌ရှိနေသောပြဿနာများကိုဖော်ထုတ်ရေးအတွက် ကြိုးပမ်းနေဆဲဖြစ်ကြောင်း နာဆာအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ဘိုးရင်းကုမ္ပဏီသည် နာဆာ၏ နိုင်ငံတကာ အာကာသစခန်းမစ်ရှင်များအတွက် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို စတင်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အားစိုက်ရသည့်လေ့ကျင့်ခန်းများက သာမန်လေ့ကျင့်ခန်းများထက် ဆာလောင်မှုအဆင့်ကို ပိုဖိနှိပ်ထားနိုင်

**နယူးယောက် အောက်တိုဘာ ၂၈**

ပြင်းပြင်းထန်ထန် အားစိုက်ပြုလုပ်ရသည့် လေ့ကျင့်ခန်းများသည် သာမန်သာအားစိုက်ရသော လေ့ကျင့်ခန်းများထက် ဆာလောင်မှုအဆင့်ကို ပို၍ဖိနှိပ်ပေးထားနိုင်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပြေးခြင်း၊ ရေကူးခြင်းကဲ့သို့ အားစိုက်ရသည့် လေ့ကျင့်ခန်းများသည် အားစိုက်ရန်သိပ်မလိုသည့် လေ့ကျင့်ခန်းများထက် Ghrelin ခေါ် ဆာလောင်မှုဟော်မုန်းကို ဖိနှိပ်ပေးရာတွင် ပို၍ထိရောက်ကြောင်း သိရသည်။

ထို့ပြင် အားစိုက်ပြုလုပ်ရသည့် လေ့ကျင့်ခန်းများကို အမျိုးသမီးများက အမျိုးသားများထက်ပို၍ တုံ့ပြန်နိုင်ကြကြောင်းလည်း အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ အားစိုက်ရန်လိုသည့် လေ့ကျင့်ခန်း ပြုလုပ်သူများသည် သာမန်မျှသာ အားစိုက်ရသည့် လေ့ကျင့်ခန်း ပြုလုပ်သူများထက် Ghrelin ဟော်မုန်းကိုပို၍ ထိရောက်စွာဖိနှိပ်ထားနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## အာဖရိကတိုက်၌ ကုန်းမြေထုကြီးနှစ်ခု ကွာထွက်နေမှုကြောင့် ကမ္ဘာကြီး၏ ဆဋ္ဌမမြောက် သမုဒ္ဒရာပေါ်ထွက်လာနိုင်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အာဖရိကတိုက်၌ ကုန်းမြေထုကြီးနှစ်ခု ကွာထွက်နေမှုကြောင့် ကမ္ဘာကြီး၏ ဆဋ္ဌမမြောက် သမုဒ္ဒရာပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

မြေအောက် ကျောက်လွှာရှင်များ လှုပ်ရှားနေမှုကြောင့် အာဖရိကတိုက် နှစ်ခြမ်းကွဲ၍ ကမ္ဘာကြီး၏ ဆဋ္ဌမမြောက်သမုဒ္ဒရာတစ်စင်း ပေါ်ထွက်လာနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အီသီယိုးပီးယားနိုင်ငံ သဲကန္တာရဒေသ၌ ၂၀၁၅ ခုနှစ်မှစ၍ တဖြည်းဖြည်းပေါ်ထွက်လာသည့် အရှေ့အာဖရိကမြေလွှာအက်ကြောင်းက ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက် သမုဒ္ဒရာတစ်စင်း ပေါ်ထွက်လာရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အရှေ့အာဖရိကမြေလွှာအက်ကြောင်းကြောင့် အာဖရိကနှစ်ခြမ်းကွဲလာပြီး အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီတို့မှရေများ အရှေ့အာဖရိက မြေလွှာအက်ကြောင်း နယ်မြေအတွင်း ဝင်ရောက်လာမှုကြောင့် ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက် သမုဒ္ဒရာတစ်စင်းပေါ်ထွက်လာနိုင်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

သို့ရာတွင် အရှေ့အာဖရိကမြေလွှာအက်ကြောင်းနေရာ၌ သမုဒ္ဒရာသစ်တစ်စင်း ပေါ်ထွက်လာရေးအတွက် နှစ်သန်းပေါင်းများစွာ ကြာဦးမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဆဋ္ဌမသမုဒ္ဒရာပေါ်ထွက်လာပါက လက်ရှိတွင် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်ကြသည့် ဇမ်ဘီယာနှင့် ယူဂန်ဒါကဲ့သို့ အာဖရိကနိုင်ငံများအတွက် ပင်လယ်ကမ်းခြေများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းက ရာဖင်ဟာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်

**ဘာစီလိုနာ အောက်တိုဘာ ၂၈**

ဘာစီလိုနာ အသင်းသည် တောင်ပံကစားသမား ရာဖင်ဟာကို ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အရောင်းစာရင်းတင်သွင်းခဲ့သော်လည်း ယခုအခါ ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရန် စီစဉ်နေပြီး မကြာခင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် အသင်း ဘဏ္ဍာရေးအခက်အခဲကြောင့် နွေရာသီအပြောင်းအရွှေ့ကာလက ရာဖင်ဟာကို အရောင်းစာရင်းတင်သွင်းခဲ့ရာ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ငြင်းဆိုခဲ့ပြီး ဘာစီလိုနာအသင်းတွင် ကာလရှည်ဆက်ကစားသွားရန် ဆုံးဖြတ်ခဲ့သည်။

ရာဖင်ဟာသည် အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်း အားကစားဒါရိုက်တာ ဒေကိုက ၂၀၂၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် ဂါဗီ၊ ပက်ထရီ၊ အာရူဂျို၊ ဒီဂျောင်းတို့နှင့် စာချုပ်သက်တမ်းကိစ္စကိုသာ အာရုံစိုက်နေသော်လည်း ၎င်းအနေဖြင့် ယခုနှစ် ဘောလုံးရာသီ နည်းပြဖလစ်လက်အောက်၌ ပြိုင်ပွဲစုံ ၁၄ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုခုနစ်ကြိမ်ထိ ပြုလုပ်ခဲ့သဖြင့် စာချုပ်သက်တမ်းတိုးရန် အသင်းတာဝန်ရှိသူများက ပြင်ဆင်ခဲ့ကြောင်း သိရသည်။

တောင်ပံကစားသမား ရာဖင်ဟာသည် ဘာစီလိုနာအသင်းတွင် လုပ်ခလစာအများဆုံး ကစားသမားတစ်ဦးဖြစ်ကာ အသင်းတွင် ကစားရသည်ကို ပျော်ရွှင်နေပြီး ၎င်းအနေဖြင့် အသင်းတွင် ကစားသမားဘဝ တိုးတက်မှုရှိလာသည့်အတွက် အနာဂတ်တွင် ဆက်လက်ကစားသွားရန် ဆုံးဖြတ်ထားသောကြောင့် မကြာမီ အသင်းနှင့် သက်တမ်းတိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : FCBN

Trs : ML



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် တောင်ပံကစားသမား အန်တိုနီကို ချဲလ်ဆီးအသင်း နည်းပြမာရက်စ်ကာက ၎င်း၏ နည်းစနစ်ပိုင်းနှင့် ကိုက်ညီသည့်အတွက် ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ဘာစီလိုနာအသင်းက တိုက်စစ်မှူး အစ်ဆက်ခ်ကို ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ကစားသမားအနေဖြင့် အသင်းမှ ထွက်ခွာလိုပါက နယူးကာဆယ်အသင်းက ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ခံစစ်ကစားသမား ဂါဗာဒီယိုကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၅၀၀၀၀ ဖြင့် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ဝုဖ်ဘတ်အသင်းနှင့်ကစားရမည့် ပိုကယ်ဖလားပွဲစဉ်တွင် ဒေါ့မွန်အသင်းက တောင်ပံခံစစ်ကစားသမား ရိုင်ယာဆန်ကို ဒဏ်ရာကြောင့် ချန်လှပ်ခဲ့ကြောင်းသိရသည်။ ML

# Vienna Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဗြိတိန်ကစားသမား ဒရပ်ပါ ဆွတ်ခူး



**ဗီယင်နာ အောက်တိုဘာ ၂၈**

သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပခဲ့သော Vienna Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဗြိတိန်တင်းနစ်ကစားသမား ဒရပ်ပါနှင့် ရုရှားတင်းနစ်ကစားသမား ကာချန်နော့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒရပ်ပါက (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒရပ်ပါအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒုတိယမြောက် ဆွတ်ခူးခဲ့သည့် ATP Tour ဆုဖလားဖြစ်ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကာချန်နော့ဗ်အား အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်ဒီမာရေး တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် ဗြိတိန်တင်းနစ်လောကအတွက် အားထားရမည့်ကြယ်ပွင့်အဖြစ် သတ်မှတ်ခံထားရသည့် အသက် ၂၂ နှစ်အရွယ် ဒရပ်ပါအနေဖြင့် ထင်ကြေးပေးခံထားရသည့်အတိုင်း အကောင်းဆုံးလုပ်ပြနိုင်ခဲ့သည်။

ဒရပ်ပါက "ဗိုလ်လုပွဲစဉ်က လက်စွမ်းဟာ အရမ်းကိုကောင်းခဲ့တယ်။ ကျွန်တော်လိုချင်တဲ့ပုံစံအတိုင်းကစားနိုင်ခဲ့သလို ချန်ပီယံဆုကိုလဲ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့တာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ မှားယွင်းတဲ့ ဆုံးဖြတ်ချက်တချို့သာ ရှိခဲ့ပြီးတော့ ကြီးကြီးမားမား အမှားကျူးလွန်တာမျိုးတော့ မရှိခဲ့ပါဘူး။ ကာချန်နော့ဗ်ဟာ ကျွန်တော့်ထက် အတွေ့အကြုံရော စွမ်းဆောင်ရည်ပါသာလွန်တဲ့ ကမ္ဘာ့အဆင့် ကစားသမားတစ်ယောက် ဖြစ်ပါတယ်။ ကာချန်နော့ဗ်လို ကစားသမားမျိုးကိုအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေ လယ်ဗယ်မြင့်လာပြီလို့လဲ သတ်မှတ်နိုင်ပါတယ်။ ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယမြောက် ဆွတ်ခူးရရှိခဲ့တဲ့ ATP Tour ဆုဖလားဖြစ်ပေမဲ့လဲ ATP 500 ပြိုင်ပွဲမှာတော့ ပထမဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုဖလားဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# WBA (Super)၊ WBC၊ WBO စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ကန်နဲလိုနှင့် ခရစ်အူဘန့်တို့ ထိုးသတ်သွားရန် စတင်ဆွေးနွေး

**လန်ဒန် အောက်တိုဘာ ၂၈**

WBA (Super)၊ WBC၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ မက္ကဆီကို လက်ဝှေ့သမား ကန်နဲလိုနှင့် အင်္ဂလန်လက်ဝှေ့သမား IBO မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခရစ်အူဘန့်တို့ ချန်ပီယံစိန်ခေါ်ပွဲ ထိုးသတ်သွားရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုသည် စူပါမစ်ဒယ်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်ခွင့်ရတော့မည့် ချန်ပီယံတစ်ဦးဖြစ်ပြီး စိန်ခေါ်မှုများစွာကိုလည်း လက်ခံရရှိထားသူဖြစ်သည်။

ခရစ်အူဘန့် သည်လည်း စိန်ခေါ်မှုများစွာ ရရှိထားသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သော်လည်း ၎င်းအနေဖြင့် နာမည်ကြီးပြိုင်ဘက်မျိုးဖြင့်သာ ထိုးသတ်သွားလိုသည့်အတွက် ကန်နဲလိုဖြင့် ထိုးသတ်ခွင့်ရရှိရေးကို ကြိုးပမ်းနေခြင်းဖြစ်သည်။

ယခုနှစ်အတွင်း စိန်ခေါ်ပွဲဖြစ်မြောက်လာနိုင်ဖွယ် မရှိသော်လည်း ၂၀၂၅ ခုနှစ် နှစ်ဦးပိုင်းတွင် ထိုးသတ်နိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နေခြင်းလည်း ဖြစ်သည်။

ခရစ်အူဘန့်က "ကန်နဲလိုနဲ့ ထိုးသတ်သွားဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်နေပါတယ်။ ဆွေးနွေးမှု သေချာပေါက်အောင်မြင်မှာပါ။ ဒီနှစ်အတွင်းမှာတော့ မဖြစ်နိုင်တော့ဘူး။ လာမဲ့နှစ်မှာတော့ စိန်ခေါ်ပွဲသေချာပေါက်ဖြစ်မြောက်လာပါလိမ့်မယ်။ ကန်နဲလိုဟာ ဘီနာဘီဒက်ဗ်၊ ဘီဗိုလ်၊ ဘီတာဘီယက်ဗ်တို့နဲ့ ထိုးသတ်သွားဖို့အတွက် ပိုပြီးတော့ စိတ်ဝင်စားနေတယ်။ ဒါပေမဲ့လဲ သူ့ဝိတ်တန်းမဟုတ်တဲ့အတွက် သူ့ရဲ့ဆန္ဒတွေ ဖြစ်မြောက်လာမှာမဟုတ်ပါဘူး။ ဒါကြောင့်လဲ ကျွန်တော်နဲ့ ဆွေးနွေးနေတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အာဆင်နယ်အသင်းတွင် ပရီးမီးယားလိဂ်ဂိုး ၅၀ ပြည့်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဆာကာမှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂၈**

ပရီးမီးယားလိဂ် ပွဲစဉ်(၉) အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း တောင်ပံကစားသမားဆာကာက အသင်းအတွက် ဂိုးသွင်းယူပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



တောင်ပံကစားသမား ဆာကာသည် လီဗာပူးအသင်းဘက်သို့ ဦးဆောင်ဂိုး သွင်းယူပြီးချိန်တွင် အသက် ၂၄ နှစ် ၅၂ ရက်သာရှိသေးသဖြင့် ယခင်က အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်း ဟင်နရီ၏ စံချိန်ကို ကျော်ဖြတ်ခဲ့ပြီး အာဆင်နယ်အသင်းတွင် အသက်အငယ်ဆုံးဖြင့် ပရီးမီးယားလိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူး ဆာကာသည် အာဆင်နယ်အသင်းနှင့်အတူကစားခဲ့သည့် ဘောလုံးရာသီ လေးရာသီ ပြိုင်ပွဲစုံ ၂၃၇ ပွဲတွင် စုစုပေါင်း သွင်းဂိုး ၆၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၆၀ ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပွဲစကတည်းက ဖိအားပေး ကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ကိုးမိနစ်တွင် ဆာကာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း လီဗာပူးအသင်း၏ တိုက်စစ်မြှင့်ကစားမှုကြောင့် ဗန်ဒိုက်က ပွဲချိန် ၁၈ မိနစ်၌ ချေပဂိုးသွင်းယူခဲ့ရာ ပထမပိုင်းတွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက လူစားလဲမှုများပြုလုပ်၍ ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၄၃ မိနစ်တွင် မာရင်နိုက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဆာလာဟ်က ပွဲချိန် ၈၁ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ၁၉၇၆-၁၉၇၇ နှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက သွင်းဂိုးစံချိန်ကို ဘိုင်ယန်မြူးနစ်အသင်း ပြန်လည်လိုက်မီနိုင်ခဲ့



ဘာလင် အောက်တိုဘာ ၂၈

ဘိုင်ယန်မြူးနစ် အသင်းသည် ဂျာမန် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘိုချမ်အသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပွဲစဉ်ရှစ်ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၉ဂိုးထိ ရှိလာခဲ့သည့်အတွက် ပြီးခဲ့သည့် ၁၉၇၆-၁၉၇၇ နှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ၎င်းတို့တင်ထားခဲ့သည့် သွင်းဂိုးစံချိန် မှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းနှင့် ဘိုချမ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် အိုလီဆီ၊ ပွဲချိန် ၂၆ မိနစ်တွင် မူစီအာလာ၊ ပွဲချိန် ၅၇ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၆၅ မိနစ်တွင် ဆာနေးနှင့် ပွဲချိန် ၇၁ မိနစ်တွင် ကိုးလ်မန်းက သွင်းဂိုး ငါးဂိုးကို မတူညီသည့် ကစားသမား ငါးဦးက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် ၁၉၇၆-၁၉၇၇ နှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၌ ပွဲစဉ်ရှစ်ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းစွမ်းဆောင်ရည်အကောင်းဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းကို ယခုနှစ်ဘောလုံးရာသီတွင်လည်း ရှစ်ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

Ref : Bild

Trs : STA

# အောက်တိုဘာလ လာလီဂါတစ်လတာ အကောင်းဆုံးဆုကို နည်းပြဖလစ် ရရှိ

မက်ဒရစ် အောက်တိုဘာ ၂၈

လာလီဂါ အမှတ်ပေးပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံးဆုကို ဘာစီလိုနာအသင်းနည်းပြ ဖလစ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

နည်းပြဖလစ်သည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက နည်းပြဇာဗီ၏နေရာကို တာဝန်ယူခဲ့ပြီးနောက် ဘာစီလိုနာအသင်းအား ရလဒ်ကောင်းရရှိအောင် စွမ်းဆောင် နိုင်ခဲ့သောကြောင့် ဩဂုတ်လကလည်း လာလီဂါ တစ်လတာ အကောင်းဆုံး ဆုကိုဆွတ်ခူးခဲ့ပြီး ယခုအခါ အောက်တိုဘာလအတွင်း ကစားခဲ့သည့် အလာဗက်၊ ဆီဗီလာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် သုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် တစ်လတာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဖလစ်သည် တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ဘီလ်ဘာအိုအသင်း နည်းပြ အယ်ဂွါစီ၊ ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အန်ဆယ်လော့တီတို့နှင့် ယှဉ်ပြိုင်ခဲ့ရကာ အယ်ကလက်စီကိုပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက်တစ်လတာအကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ပြီး လာလီဂါပြိုင်ပွဲတွင်တစ်လတာအကောင်းဆုံးဆုကို နှစ်ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML



# အာနီးအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့လိမ့်မည်ဟု ကာရေဂါပြောကြား

လန်ဒန် အောက်တိုဘာ ၂၈

လီဗာပူးအသင်း ဂန္တဝင်ကစားသမားတစ်ဦးဖြစ်သည့် ကာရေဂါက လီဗာပူးအသင်းမှ တောင်ပံခံစစ်ကစားသမား အာနီးအနေဖြင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရယူလိုသည့်အတွက် အသင်းမှထွက်ခွာပြီး ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ ကစားလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ အာနီးသည် လီဗာပူးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုကာ စတင်လက်တွဲခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ လက်ရှိ ဘောလုံးလောကတွင် အကောင်းဆုံး ညာတောင်ပံခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်ဖြစ်သည်။

လီဗာပူးအသင်းနှင့် အာနီးတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာနေပြီး ၎င်းကို ရီးရဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေသည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ဝါရင့်ညာတောင်ပံခံစစ် ကစားသမား ကာဗာဂျယ်အနေဖြင့် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက်အာနီးနှင့် ရေရှည်အစားထိုးရန်စီစဉ်နေပြီး အာနီးကိုယ်တိုင်ကလည်း ချန်ပီယံလိဂ်ဖလားထက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုသာ အလိုရှိသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကာရေဂါက “ကျွန်တော့်အနေနဲ့ သူကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုလိုချင်တယ်လို့ကြားမိတော့ သူ့အနေနဲ့ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုလိုချင်တယ်ဆိုရင်တော့ လီဗာပူးအသင်းကနေ ရီးရဲလ်မက်ဒရစ်အသင်းကို သာပြောင်းရွှေ့သင့်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရရှိတဲ့ကစားသမားအများစုက ရီးရဲလ်မက်ဒရစ်အသင်းက ကစားသမားတွေပါ။ သူ့အနေနဲ့လဲ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် လီဗာပူးအသင်းကို စွန့်ခွာပြီး ရီးရဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ပါလိမ့်မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# မန်ယူအသင်းက နည်းပြတန်ဟတ်ကို ရာထူးမှထုတ်ပယ်ကြောင်း အတည်ပြု



မန်ချက်စတာ အောက်တိုဘာ ၂၈

မန်ယူအသင်းက ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် ရလဒ်ဆိုးများ ကြုံတွေ့နေရသည့် နည်းပြ တန်ဟတ်ကို ရာထူးမှထုတ်ပယ် ခဲ့သည်ဟု အတည်ပြုကြေညာ ခဲ့ကြောင်း သိရသည်။

နည်းပြတန်ဟတ်သည် မန်ယူအသင်းကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် ကာရာဘောင်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည့် အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အဆင့်(၃)နေရာတွင် ရပ်တည်ကာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အောင်မြင်မှုရယူနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတန်ဟတ်လက်အောက်တွင် မန်ယူအသင်းအနေဖြင့် တစ်ရာသီလုံးရုန်းကန်ခဲ့ရပြီး စံချိန်မှတ်တမ်းဆိုးများရရှိခဲ့ကာ ရာသီအကုန်တွင် အမှတ်ပေးဇယား အဆင့်(၈)နေရာ၌ သာရပ်တည်ခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသော်လည်း အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။

နည်းပြ တန်ဟတ်အနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်ကတည်းက အသင်းမှ ထုတ်ပယ်ခံရရန် နီးစပ်ခဲ့သော်လည်း ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ဖ်က ၎င်းကို အခွင့်အရေးပေးပြီး တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုကာ ဆက်လက်လက်တွဲခဲ့သည်။

သို့သော် မန်ယူအသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင်လည်း ရလဒ်များ ဆက်တိုက်ဆိုးရွားခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲ သုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ကိုးပွဲကစားပြီးချိန်တွင် သုံးပွဲသာ အနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေနှင့် လေးပွဲရှုံးနိမ့်ခဲ့ကာ ပြီးခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်းက ယခုအခါ နည်းပြတန်ဟတ်ကို ရာထူးမှထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# Genesis Championship ပြိုင်ပွဲ ချန်ပီယံဆုကို အန်ဗြောင်ဟန်ဆွတ်ခူး

ဆိုးလ် အောက်တိုဘာ ၂၈

တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပခဲ့သော Genesis Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမား အန်ဗြောင်ဟန်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဗြောင်ဟန်သည် နောက်ဆုံးနေ့အပြီးတွင် တစ်နိုင်ငံတည်းသားဖြစ်သော တွမ်ကင်နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဗြောင်ဟန်က အနိုင်ရရှိခဲ့၍ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တွမ်ကင်အနေဖြင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ပေါ်တူဂီ ဂေါက်သီးရိုက်ကစားသမား ရီကာဒိုက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အန်ဗြောင်ဟန်က “ကျွန်တော့်အတွက် အကောင်းဆုံးဂေါက်သီးရိုက်ရာသီတစ်ခုကို ဖြတ်သန်းနေပါတယ်။ အထူးသဖြင့် တောင်ကိုရီးယားမြေမှာ အောင်မြင်မှုဆွတ်ခူးနိုင်ခဲ့တာကို ဝမ်းမြောက်ဂုဏ်ယူပါတယ်။ တောင်ကိုရီးယားပရိသတ်တွေရှေ့မှာ အကောင်းဆုံးလက်စွမ်းပြနိုင်မယ်လို့ မျှော်လင့်ထားတာ မျှော်လင့်ထားတဲ့အတိုင်းဖြစ်လာခဲ့တယ်။ Play-off မှာ တောင်ကိုရီးယားကစားသမားနှစ်ဦး ယှဉ်ပြိုင်ကစားခွင့်ရတာကိုလဲ အားရကျေနပ်မိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အမေရိကန်ကိုသာထိခိုက်စေမည့် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှု

မောင်သောင်းဝင်း(တမန်ဟောင်း)



ဒေါ်နယ်ထရန့်သည် 'အမေရိကန်နိုင်ငံ ပြန်လည်တိုးတက်အောင်မြင်ရေး' ဆိုသည့် ၎င်း၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု တစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်နိုင်ငံထုတ် ကုန်စည်များအပေါ် စည်းကြပ်ခွန် ၆၀ ရာခိုင်နှုန်းကောက်ခံရန်နှင့် အခြားနိုင်ငံများမှ သွင်းကုန်များအပေါ် ၂၀ ရာခိုင်နှုန်းကောက်ခံသွားရန် တောင်းဆိုထားသည်။

ဒေါ်နယ်ထရန့်အနေဖြင့် စည်းကြပ်ခွန်များတိုးမြှင့်ကောက်ခံခြင်းသည် အမေရိကန်နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်နိုင်ခြင်း၊ ပြည်ထောင်စုလိုငွေပြမှု လျှော့ချနိုင်ခြင်း၊ စားနပ်ရိက္ခာဈေးနှုန်း လျှော့ချနိုင်ခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်ရေးအတွက် ပံ့ပိုးကြေးများ ပေးနိုင်မည်ဟု ရိုးရှင်းစွာ ရှုမြင်ထားရှိသည်။ သို့သော် သမ္မတဟောင်း၏ ကုန်သွယ်မှုတန်ဖိုးသတ်မှတ်သည့် ရည်ရွယ်ချက်သည် အခြေခံအားဖြင့် အားနည်းချက်များ ရှိနေသည်။

ထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုနောက်ကွယ်ရှိကတိကဝတ်များအနက်မှ တစ်ခုသည် ပြည်ပထုတ်ကုန်များကို ဈေးနှုန်းကြီးမြင့်အောင်ဆောင်ရွက်ခြင်းဖြင့် အမေရိကန်နိုင်ငံ၏ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသွားမည်ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီများကို ပြည်တွင်း၌ပင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ဆွဲဆောင်သွားမည်ဖြစ်သည်။ ထရန့်၏အစီအမံသည် သီအိုရီပိုင်းအရ ကောင်းမွန်လျက်ရှိသော်လည်း လက်တွေ့တွင်မူ သိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်။ အမှန်တော့ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းသည် စက်မှုကဏ္ဍများတွင် ရေရှည်အလုပ်အကိုင်ဖန်တီးနိုင်စွမ်း မရှိကြောင်းကို သမိုင်းက သက်သေပြသလျက်ရှိသည်။

စင်စစ်အားဖြင့် ၂၀၁၈ ခုနှစ်တွင် ထရန့်သည် သံမဏိပစ္စည်းများအပေါ် စည်းကြပ်ခွန်တိုးမြှင့်ပြီးနောက် သွင်းကုန်သံမဏိပစ္စည်းများအပေါ် မှီခိုနေရသော အမေရိကန်ကုမ္ပဏီများစွာသည် ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်လာရသောကြောင့် ထုတ်ကုန်များကို ဈေးနှုန်းတိုးမြှင့်ခြင်းနှင့် အလုပ်အကိုင်လျှော့ချခြင်းတို့ လုပ်ဆောင်ခဲ့ရသည်။

စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံခြင်းသည် ကာလတိုတွင် လုပ်ငန်းလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ရေရှည်တွင်လည်း ကုန်ထုတ်လုပ်မှု အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်ခြင်းမရှိပေ။ စင်စစ်အားဖြင့် ကုမ္ပဏီများသည် ကုန်ကျစရိတ်သက်သာစေရန် စက်ရုပ်များကို အသုံးပြုခြင်း၊ သို့မဟုတ် စည်းကြပ်ခွန်တိုးမြှင့်သတ်မှတ်ခံရခြင်းမရှိသော လုပ်ခသက်သာသည့် နိုင်ငံများတွင် လုပ်ငန်းပြန်လည်စတင်ခြင်းများ လုပ်ဆောင်လာခဲ့သည်။

တရုတ်ကုန်စည်များအပေါ် စည်းကြပ်ခွန် ၆၀ ရာခိုင်နှုန်းကောက်ခံသွားမည့် ထရန့်၏ အဆိုပြုချက်သည် အမေရိကန်ကုမ္ပဏီများကို ဈေးနှုန်းချိုသာသည့် အခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်းကို တားဆီးရပ်တန့်နိုင်မည်မဟုတ်ချေ။ ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်သည် ယခင်ထက် ပိုမိုလှုပ်ရှားသွက်လက်လာလျက်ရှိပြီး အမေရိကန်စီးပွားရေးလုပ်ငန်းများသည် စည်းကြပ်ခွန် ၆၀ ရာခိုင်နှုန်း ရှောင်တိမ်းနိုင်ရေးအတွက် ဗီယက်နမ်၊ အိန္ဒိယနှင့် မက္ကဆီကိုနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်သွားမည်ဖြစ်သည်။

ထရန့်သည် ၎င်း၏ကုန်သွယ်မှုစစ်ပွဲတွင် တရုတ်နိုင်ငံကို အဓိကပြိုင်ဘက်အဖြစ် ရှုမြင်ထားသည့်အချိန်တွင် တရုတ်ကုန်ထုတ်လုပ်သူများသည် အခြားနိုင်ငံများတွင် စက်ရုံများထူထောင်ပြီး ၎င်းတို့၏ထုတ်ကုန်များကို 'ဗီယက်နမ်ထုတ်' သို့မဟုတ် 'မက္ကဆီကိုထုတ်' အမှတ်တံဆိပ်များကပ်ထားခြင်းအားဖြင့် စည်းကြပ်ခွန်ကို ရှောင်တိမ်းသွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအပေါ် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ခြင်းမရှိသည့်အပြင် အမေရိကန်ရှိ အလုပ်အကိုင်အခွင့်အလမ်းများသည် အခြားနေရာများသို့ပင် ရောက်ရှိသွားနိုင်ပေသည်။ ထရန့်၏ စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုစီမံကိန်းတွင် အခြားချို့ယွင်းချက်တစ်ခုမှာ စည်းကြပ်ခွန်သည် အမေရိကန်တွင် စားနပ်ရိက္ခာဈေးနှုန်းများ ကျဆင်းလာနိုင်သည်ဆိုသော လွဲမှားနေသည့်မျှော်မှန်းချက်ပင်ဖြစ်သည်။ အခြေခံအားဖြင့် စည်းကြပ်ခွန်များသည် သွင်းကုန်များအပေါ်တွင်သာ ကောက်ခံခြင်းဖြစ်သည့်အတွက် အဆိုပါအခွန်များ၏ ဝန်ထုပ်ဝန်ပိုးသည် စားသုံးသူများအပေါ်တွင်သာ ကျရောက်လာလေ့ရှိသည်။

အမေရိကန်ပြည်သူများ ပုံမှန်အသုံးပြုနေသော အီလက်ထရွန်နစ်ပစ္စည်း၊ အဝတ်အထည်၊ စားသောက်ကုန်များကဲ့သို့သော ကုန်စည်များအပေါ် စည်းကြပ်ခွန်တိုးမြှင့်ခြင်းသည် အဆိုပါကုန်ပစ္စည်းများ၏ဈေးနှုန်းများကိုသာ ပိုမိုကြီးမြင့်လာစေမည်ဖြစ်သည်။ သာဓကအနေဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာများနှင့် ထုပ်ပိုးထားသောပစ္စည်းများသည် စည်းကြပ်ခွန်ပေးဆောင်ရမည်ဖြစ်သောကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှုကုန်ကျစရိတ်သည်လည်း ဧကန်မုချကြီးမြင့်လာမည်ဖြစ်သည်။

ထိုသို့ သွင်းအားစုဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်နေရသော အမေရိကန်လယ်သမားများသည် အဆိုပါအသုံးစရိတ်များကို လက်ကားဖြန့်သူများနှင့် ကုန်စုံဆိုင်ရှင်များထံသို့ တင်၍ ဖြန့်ဖြူးရမည်ဖြစ်သောကြောင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါဖြစ်စဉ်များသည် ထရန့်၏စီမံကိန်းနှင့် ကွဲလွဲဆန့်ကျင်လျက်ရှိသည်။ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းသည် စားနပ်ရိက္ခာဈေးနှုန်းကျဆင်းသည်ထက် စားနပ်ရိက္ခာလိုအပ်ချက်ကိုပင် မြင့်တက်လာစေမည်ဖြစ်သည်။

ထို့ပြင် သွင်းကုန်အမျိုးမျိုး၊ အထူးသဖြင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်စည်များအပေါ် စည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံခြင်းသည် နည်းပညာနှင့် ကားထုတ်လုပ်မှုမှသည် ဆောက်လုပ်ရေးနှင့် လူသုံးကုန်ပစ္စည်းများထိ စက်မှုလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

သွင်းကုန်အစိတ်အပိုင်းများအပေါ် မှီခိုနေရသည့် အမေရိကန်ကုမ္ပဏီများသည် ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် ရင်ဆိုင်လာရမည်ဖြစ်သည့်အတွက် အမေရိကန်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရာ၌ဈေးနှုန်းကြီးမြင့်လာမည့်အပြင် နိုင်ငံတကာတွင်လည်း ယှဉ်ပြိုင်နိုင်စွမ်းအား နည်းပါးလာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကုမ္ပဏီများသည် ကုန်ဈေးနှုန်းများ မြှင့်တင်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုလျှော့ချခြင်းနှင့် အလုပ်အကိုင်နေရာလျှော့ချမှုများပင် ရှိလာမည်ဖြစ်သည်။ အဆုံးသတ်၌ အမေရိကန်စားသုံးသူများသည် ထရန့်၏စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှု၏ အကျိုးဆက်များကို ခံစားကြရမည်ဖြစ်သည်။

ထို့ထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ရမည်ဆိုလျှင် ထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမည့်စီမံကိန်းသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုကွန်ရက်ကိုသာ မတည်မငြိမ်ဖြစ်စေမည်ဖြစ်သည်။ စည်းကြပ်ခွန်တိုးမြှင့်ခြင်းသည် အမေရိကန်တွင် ကုန်ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းတို့ကိုသာ ဖြစ်ပေါ်လာစေမည်ဆိုလျှင် စားသုံးသူများသည် နေ့စဉ် အသုံးစရိတ်လျှော့ချပြီး ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုနည်းလာမည်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းအားလုံးသည် ကျုံ့လာမည်ဖြစ်သည်။

ထို့ပြင် ထရန့်၏စည်းကြပ်ခွန်တိုးမြှင့်မှုကြောင့် နိုင်ငံများစွာအပေါ် သက်ရောက်မှုများ ရှိလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု ပိုမိုနှေးကွေးစေပြီး ပျက်စီးဆုံးရှုံးမှုနှင့် ကျယ်ပြန့်သောကုန်သွယ်မှုစစ်ပွဲဆီသို့ ဦးတည်လာစေမည်ဖြစ်သည်။

သံခင်းတမန်ခင်းအဆင့်တွင်လည်း ထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်မှုသည် အဓိကကျသော မဟာမိတ်များ၊ ကုန်သွယ်မှုမိတ်ဖက်များနှင့် တင်းမာမှုများ ပိုမိုမြင့်တက်လာစေမည်ဖြစ်သည်။ တရုတ်နိုင်ငံအပြင် မဟာမိတ်နိုင်ငံများဖြစ်သည့် ကနေဒါ၊ မက္ကဆီကို၊ ဂျပန်နှင့် ဥရောပနိုင်ငံများကဲ့သို့သော စည်းကြပ်ခွန်တိုးမြှင့်မှုဒဏ် သက်ရောက်မည့်နိုင်ငံများသည် အမေရိကန်ကုန်စည်များအပေါ် စည်းကြပ်ခွန် ပြန်လည်တိုးမြှင့်ကောက်ခံခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်လာမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်လာမည်ဆိုလျှင် အမေရိကန်ပို့ကုန်လုပ်ငန်းရှင်များကို ထိခိုက်စေမည်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် နည်းပညာကဲ့သို့သော စက်မှုလုပ်ငန်းရှင်များ ထိခိုက်နစ်နာလာမည်ဖြစ်သည်။

အမှန်တော့ ကုန်သွယ်မှုစစ်ပွဲများသည် ရလဒ်တစ်စုံတစ်ရာမျှမထွက်သော ပြိုင်ပွဲတစ်ခုဖြစ်ပြီး လွတ်လပ်သောကုန်သွယ်မှုကို ဟန့်တားနှောင့်ယှက်ခြင်းအားဖြင့် မည်သည့်နိုင်ငံမျှ အကျိုးအမြတ်ရရှိလိမ့်မည်မဟုတ်ချေ။ စင်စစ်အားဖြင့် ကုန်သွယ်ရေးစစ်ပွဲသည် ကာလရှည်ကြာ စီးပွားရေးထိခိုက်မှုနှင့် သံခင်းတမန်ခင်းပွတ်တိုက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

အမေရိကန်နိုင်ငံအတွင်းနှင့် အဓိကကုန်သွယ်မှုမိတ်ဖက်များကြား ကုန်သွယ်မှုကျဆင်းလာခြင်းသည် အမေရိကန်၏ နိုင်ငံတကာရပ်တည်ချက်ကိုလည်း အင်အားချည့်နဲ့လာစေမည်ဖြစ်သည်။ အမေရိကန်၏ စည်းကြပ်ခွန်တိုးမြှင့်မှုသည် တရုတ်နိုင်ငံအပြင် အမေရိကန်၏ မဟာမိတ်များနှင့် ကမ္ဘာ့အခြားနိုင်ငံများပေါ်တွင်လည်း သက်ရောက်မှုရှိလာနိုင်သည့်အတွက် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုနှင့် အင်အားတို့ကို ချည့်နဲ့ယိမ်းယိုင်လာစေမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးရည်မှန်းချက်ဖြင့် နိုင်ငံပေါင်းစုံကုန်သွယ်မှုသဘောတူညီချက်များမှ အမေရိကန်ဦးဆောင်သောဖယ်ခွာမှုလုပ်ဆောင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို ပိုမိုထိခိုက်လာစေမည်ဖြစ်ပြီး နောက်ဆုံးတွင် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမည့် ထရန့်၏စီမံကိန်းသည် တရုတ်နိုင်ငံအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိဘဲ အမေရိကန်စားသုံးသူများ၊ ကုမ္ပဏီများနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။ ထို့ကြောင့် ထရန့်၏ ကိုယ်ကျိုးစီးပွားကာကွယ်လိုသောမူဝါဒသည် ကမ္ဘာလုံး ဆိုင်ရာအခင်းအကျင်းတွင် အမေရိကန်နိုင်ငံသည်သာလျှင် အင်အားချည့်နဲ့လာစေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံခြင်းသည် ကာလတိုတွင် လုပ်ငန်းလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ရေရှည်တွင်လည်း ကုန်ထုတ်လုပ်မှု အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်ခြင်းမရှိပေ။ စင်စစ်အားဖြင့် ကုမ္ပဏီများသည် ကုန်ကျစရိတ်သက်သာစေရန် စက်ရုပ်များကို အသုံးပြုခြင်း၊ သို့မဟုတ် စည်းကြပ်ခွန်တိုးမြှင့်သတ်မှတ်ခံရခြင်းမရှိသော လုပ်ခသက်သာသည့် နိုင်ငံများတွင် လုပ်ငန်းပြန်လည်စတင်ခြင်းများ လုပ်ဆောင်လာခဲ့သည်။ ❖**

**ကိုးကား**

–Trump's China tariffs won't make America great again by Asia Times

# ရမ္မက်ကကြိုးအမည်ရှိဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဒဂုံမြို့နယ် အိမ်တော်ရာစေတီတော်တွင် ပြုလုပ်



ရန်ကုန် အောက်တိုဘာ ၂၈

Power King Film Production မှ ရိုက်ကူးထုတ်လုပ်မည့် ရမ္မက်ကကြိုးအမည်ရှိ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ခြူးလေးက ပြောပြ၍ သိရသည်။

ရမ္မက်ကကြိုးအမည်ရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လုံမက ရေးသားထားပြီး သားမြင့်ရွှေက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ထက်ကြီးက Power King Film Production ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမတော့ ခြူးလေးက ဇာတ်လမ်းတွဲ ရိုက်ကူးမှုအတွက် ဒီနှစ်ထဲမှာ လက်မခံတော့ဘူး တွက်ထားပေမဲ့ ဇာတ်လမ်းလေး ဖတ်ကြည့်ချိန်မှာ တော်တော်လေး ကောင်းတယ်။ မိုးမြင့်မေဆိုတဲ့ ကောင်မလေး ကာရိုက်တာက သနားစရာလဲ ကောင်းတာမို့ လက်ခံဖြစ်လိုက်တာပါ။ ဒီဇာတ်ကားက တအားကောင်းလို့ မိသားစု ဒရာမာကိုမှ အလောင်လေးတွေ လဲပါတယ်"ဟု သရုပ်ဆောင် ခြူးလေးက ပြောပြသည်။

အဆိုပါ ရမ္မက်ကကြိုးအမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ကောင်းပြည့်၊ ဘုန်းလျှံ၊ နေရှိန်း၊ Jay၊ ထူးခြား၊ ကျော်ဇင်ထွဋ်၊ အောင်ခိုင်၊ ဇော်ကြီး၊ ရန်ပြေ၊ စိုးကြီး၊ ခြူးလေး၊ ရွှေပိုးအိမ်၊ မျိုးစန္ဒီကျော်၊ ချယ်ချယ်တို့ ပါဝင်မည်ဖြစ်ကာ လာမည့် နိုဝင်ဘာလဆန်းမှစတင်ကာ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# A24 ၏ Onslaught ဇာတ်ကား၌ ယူအက်ဖ်စီလိုက်ဟဲဗီးဝိတ်ချန်ပီယံ အဲလက်ပိုဝါတန် ပါဝင်ဖွယ်ရှိ

နယူးယောက် အောက်တိုဘာ ၂၈

A24 ရုပ်ရှင်ကုမ္ပဏီ၏ Onslaught အမည်ရှိရုပ်ရှင်ဇာတ်ကားတွင် ယူအက်ဖ်စီလိုက်ဟဲဗီးဝိတ်ချန်ပီယံ အဲလက်ပိုဝါတန်လည်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အဲလက်ပိုဝါတန်သည် Onslaught ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။


အပြီးသတ် သဘောတူညီချက် ရရှိခဲ့ပါက Onslaught ဇာတ်ကားသည် ယူအက်ဖ်စီချန်ပီယံ အဲလက်ပိုဝါတန်အတွက် ပထမဆုံး ပါဝင်သရုပ်ဆောင်ခွင့်ရသည့် ရုပ်ရှင်ဇာတ်ကားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

Onslaught ဇာတ်ကားတွင် အဲလက်ပိုဝါတန်သည် မင်းသားအက်ဒရီယာအာဂျိနာနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Onslaught ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ အဒမ်ဝင်းဂါဒ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Onslaught ဇာတ်ကားနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည့် လင်ကြမ်း မယားကြမ်းရုပ်သံဇာတ်လမ်းတွဲ Premiere Show ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၂၈

Fortune TV ရုပ်သံလိုင်းမှ အောက်တိုဘာ ၃၁ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည့် လင်ကြမ်း မယားကြမ်း အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် Kan Tharyar Shopping Mall ရှိ Rangoon Cineplex တွင် အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ သရုပ်ဆောင် ခွန်သာချိုက ပြောပြ၍ သိရသည်။

လင်ကြမ်းမယားကြမ်းအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခွန်သာချိုက တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေး လင်ကြမ်းမယားကြမ်းဆိုပြီးတော့ လင်မယားနှစ်ယောက်ရဲ့ ကြမ်းတမ်းတဲ့အရာတွေ၊ ဘယ်လောက်ထိ



ကြမ်းပြီးတော့ ဘယ်လောက် အကုသိုလ်တွေဖြစ်တယ်။ သံသရာမှာရော လက်ရှိဘဝမှာပါ ဘယ်လောက်ထိ ကြောက်စရာကောင်းတယ်ဆိုတာတွေပါတယ်။ ဝဋ်ဖေဒ ဘယ်လောက်ထိ ကြောက်စရာကောင်းတာကို သံသရာရော လက်ရှိဘဝကိုပါ ပညာပေးလေး အနေနဲ့ရိုက်ဖြစ်တာပါ"ဟု ဒါရိုက်တာ၊ သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

အဆိုပါ လင်ကြမ်းမယားကြမ်း အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ခွန်သာချို၊ ခိုင်နိုး၊ အောင်ခိုင်၊ အာကာမြင့်အောင်၊ အိမ့်ခြူးပွင့်၊ ခင်မိုမိုအေးနှင့် သရုပ်ဆောင်များစွာပါဝင်ပြီး အဆိုပါ မြန်မာရုပ်သံ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၃၁ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီ အချိန်တိုင်းတွင် Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Spider-Man 4 ကို ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ရုံတင်ရန် ဆိုနီစီစဉ်ထား

နယူးယောက် အောက်တိုဘာ ၂၈

Spider-Man 4 ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Spider-Man 4 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို လာမည့်နှစ်အတွင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက စတင်ဖွယ်ရှိသည်။

တရားဝင်ဇာတ်ကားအမည် မရှိသေးသည့် Spider-Man 4 ဇာတ်ကားတွင် ယခင် Spider-Man ဇာတ်ကားများမှ မင်းသား တွင်ဟော်လန်း ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Spider-Man 4 ဇာတ်ကားကို ဒါရိုက်တာ ဒန်နီယယ်ခရက်တန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Spider-Man 4 ဇာတ်ကား တွင်ဟော်လန်း ပါဝင်သရုပ်ဆောင်ခဲ့ပြီး နောက်ဆုံးရုံတင်ပြသခဲ့သော Spider-Man ဇာတ်ကားမှာ Spider-Man : No Way Home(2011) ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၆ ဘီလီယံထိ ရရှိခဲ့သည့် စူပါဟီးရိုးဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မိုင်းပန်မြို့နယ် သုံးမိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းပန် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးမိုင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ရီရီလွင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက သုံးမိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

သုံးမိုင်ကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ငါးပေရှိ ရေစုကန်နှင့် အလျားငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၆၈၅ သန်း အသုံးပြု၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

# Yinmabin District completes harvest of 188,434 acres of high-yield sesame using GAP techniques


A high-yield sesame plantation in Yinmabin District.

**Yinmabin October 28**

According to reports from the Department of Agriculture in Yinmabin District, Sagaing Region, the harvest of rain-fed sesame crops, covering 188,434 acres, has been completed this year. During the 2024-2025 planting season, a target of 180,662 acres was set for sesame in Yinmabin District. However, the actual planted area reached 188,434 acres. The harvesting of these sesame fields began in August this year, and as of today, all 188,434 acres have been harvested, with an average yield of 6.44 tons per acre.

"This year, we managed to plant up to 188,434 acres of rain-fed sesame in Yinmabin District. The harvesting process is now fully completed, with a satisfactory yield rate. Efforts have been made to expand the sesame planting area, improve yield quality, and promote planting using GAP (Good Agricultural Practices) techniques," said Daw Myat Moe Win, the District Head of the Agriculture Department in Yinmabin.

In terms of the area harvested by township in Yinmabin District, it included 50,648 acres in Yinmabin Township, 39,151 acres in Kani Township, 18,580 acres in Salingyi Township, and 80,055 acres in Pale Township, totaling 188,434 acres.

This year, the Department of Agriculture in the respective townships has provided knowledge to sesame farmers in Yinmarbin District on expanding their sesame planting area, using effective planting techniques, applying GAP methods, and cultivating quality and high-yielding sesame varieties.

It is understood that crops produced using GAP practices have higher quality, fetch better prices, and are more marketable not only domestically but also in export markets. As a result, farmers adopting GAP techniques are likely to experience economic benefits, contributing to the improvement of their socio-economic status. 206

# Kantbalu District grows over 50,000 acres of rain-fed groundnuts

**Kantbalu October 28**

A total of 58,842 acres of groundnuts have been planted in Kantbalu District of Sagaing Region during this year's rain crops planting season, according to statistics from Department of Agriculture for Kantbalu District.

During the 2024-2025 rain crops planting season, 58,809 acres of groundnuts have been earmarked to be planted in Kantbalu District, and since May this year, 51,599 acres have been planted in Kantbalu Township and 7,243 acres in Kyunhla Township, totaling 58,842 acres.

"Currently, we can plant more than the target area for groundnuts. We are in a successful position as an oilseed crop. Groundnut cultivation is improving year by year," said Daw Mar Mar Win, head of the Department of Agriculture for Kantbalu District.

In the 2024-2025 rain crops planting season, the allocation for groundnut cultivation in Kantbalu District is 51,586 acres in Kantbalu Township and 7,223 acres in Kyunhla Township, totaling 58,809 acres. 206

# Minkin Township oilseed growers cultivate over 27,000 acres of rain-fed crops

**Minkin October 28**

A total of 27,418 acres of oilseed crops have been planted in Minkin Township, Kale District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Minkin Township.

During the 2024-2025 rain crops planting season, 27,162 acres of oilseed crops are planned to be planted in Minkin Township, and 27,418 acres have been planted since May this year.

"Currently, we can plant more than the allotted acres for oilseed crops. As for oilseeds, we are in a successful position," said Daw Hayman Kyaw Win, head of the Department of Agriculture for Minkin Township.

In Minkin Township, 8,155 acres of peanuts, 19,019 acres of sesame and 244 acres of other oilseeds crops have been planted, totaling 27,418 acres of oilseed crops.

In the current 2024-2025 rain crops planting season, the acreage of oilseed crops earmarked to be planting in Minkin Township are as per following: 5905 acres of peanuts and 21,257 acres of sesame, totaling 27,162 acres.

206

# Japan PM Ishiba vows to continue leading government following election defeat


Japanese Prime Minister and head of the Liberal Democratic Party (LDP) Shigeru Ishiba speaks during a press conference at the party's headquarters in Tokyo, Japan, Oct. 28, 2024.

**Tokyo October 28**

Japanese Prime Minister Shigeru Ishiba on Monday said he will continue as prime minister to lead the government and tackle growing economic and security challenges after his ruling bloc suffered a crushing defeat in the general election the day before.

Ishiba, head of the Liberal Democratic Party (LDP), described the election outcome, in which the ruling coalition, for the first time in 15 years, lost its majority in the 465-member House of Representatives, as "harsh," while stressing "we cannot afford a political stalemate."

At a press conference held at LDP headquarters on Monday, Ishiba dismissed the idea of changing the ruling coalition's composition for now but expressed a desire to incorporate policy ideas from the opposition camp.

While the LDP's goal of retaining its majority along with its coalition partner Komeito was not achieved, Ishiba vowed to fundamentally reform the party to restore voter confidence affected by a slush fund scandal.

The main reason behind the election defeat is that "we failed to address people's suspicion, distrust and anger over the underreporting of political funds and the issue of money in politics," Ishiba said.

Xinhua

# 15 killed, 34 injured in Israeli airstrikes on southern, eastern Lebanon

**Beirut October 28**

Fifteen people were killed and 34 others injured in Israeli airstrikes on southern and eastern Lebanon early Monday, according to media and military sources.

Lebanon's National News Agency reported that Israeli warplanes struck a building in Tyre's al-Raml neighborhood, killing seven and wounding 17. Additional strikes in Tyre and Bint Jbeil districts killed three more and injured four. Rescue teams continue searching for survivors in the rubble.

In Batoulieh, three were killed and seven injured, while in Nabatieh, one person died, and three were hurt in a house strike. An air raid on the Shmustar town in eastern Lebanon claimed one life and injured three others.

Lebanese military sources said Israeli forces conducted 17 air raids in southern Lebanon and five in the east, while artillery fired 45 shells at 20 border towns and villages. Israeli infantry, supported by Merkava tanks, advanced toward several villages in southern Lebanon but were met with artillery and missile fire from Hezbollah's Islamic Resistance.

Hezbollah confirmed targeting Israeli soldiers and armored vehicles near Margaliot, along with missile strikes at Israeli forces near Kafr Kila, Rab El Thalathine, and al-Taybeh. A video from Hezbollah's media showed its forces repelling an Israeli commando attempting to infiltrate al-Taybeh.

Since Sept. 23, Israel has intensified air attacks on Lebanon, escalating tension with Hezbollah, and has recently launched a ground operation across its northern border.

Xinhua

# Myaung Township grows 2,162 acres of rain-fed seed corns during this year's rain crops planting season


A seed corn plantation.

**Myaung October 28**

A total of 2,162 acres of seed corns have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 2,160 acres of seed corn are earmarked for planting in Myaung Township, and since May this year, 2,162 acres have been planted.

"Farmers also grow pigeon peas as an addition crop. Now, the corn fields are developing successfully," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year in Myaung Township, the township Department of Agriculture provided training to the farmers who grow seed corns, and conducted field demonstrations.

In Myaung Township, more than 50 baskets of seed corns are produced per acre, and the cost of planting one acre is 500,000 kyats.

206

# Htigyaing Township cultivates over 40,000 acres of rain-fed rice this year

**Htigyaing October 28**

A total of 40,010 acres of rain-fed rice have been planted in Htigyaing Township, Katha District, Sagaing Region this year, according to statistics from the Department of Agriculture for Htigyaing Township.

During the 2024-2025 rain crops planting season, 40,278 acres of rain rice crops are planned to be planted in Htigyaing Township, and 40,010 acres have been planted since June this year.

"We are providing the necessary technologies and types to reach the target acreage of rain-fed rice. We are conducting fieldwork so that farmers can plant rain-fed rice on time," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.


A thriving monsoon paddy field.

The department is providing agricultural technology, providing education on prevention of pest infestation, preventing damage to crops and notifying the timely arrival of the harvested rice under the shelter.

206

# More than 19,000 acres of pigeon pea planted in Dabayin Township, Sagaing Region

**Dabayin October 28**

The statistics of YeU District Agriculture Department stated that a total of 19,014 acres of croplands has been placed under pigeon pea in Dabayin Township of Sagaing Region this monsoon.

Local authorities earmarked 20,201 acres of pigeon pea in 2024-25 monsoon, but local farmers have planted 19,014 acres of crops so far.

U Zaw Myint Tun, Head of YeU District Agriculture Department commented: "Local farmers have so far planted 19,014 acres of pigeon pea against the target of 20,201 acres in Dabayin Township this monsoon. They are trying hard to meet the target cultivation. They grow pigeon as a separate crop as well as mixed-crop."

This year, officials of the Township Agriculture Department helped local farmers select quality strains of crops, use agricultural techniques and prevent pests for boosting per-acre yield of crops.

Moreover, agricultural officials shared techniques with local farmers in making pesticides and natural fertilizers so as to cut agricultural costs.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers in Wetlet Township cultivate over 130,000 acres of rain-fed rice

**Wetlet October 28**

A total of 137,144 acres of rain-fed rice have been planted in Wetlet Township, Shwebo District, Sagaing Region this year rain crops planting season, according to statistics from the Department of Agriculture for Wetlet Township.

During the 2024-2025 rain crops planting season, 139,600 acres of rain-fed rice are planned to be planted in Wetlet Township, and 137,144 acres have been planted since July this year.

"We are providing the necessary technologies and types to meet the target of the acreage of rain-fed rice. We are conducting fieldwork so that they can plant rain-fed rice on time," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation, preventing damage to crops and notifying the timely arrival of the harvested rice under the shelter.

206


A monsoon paddy plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေး RAFAEL ကုမ္ပဏီက ဒုံးကျည်နှင့်ဒရုန်းအန္တရာယ်များကိုတန်ပြန်ရန် TROPHY ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်နိုင်ခဲ့



အစ္စရေးနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ RAFAEL သည် TROPHY Active Protection System (APS) ကာကွယ်ရေးစနစ်အတွက် သိသာထင်ရှားသော အဆင့်မြှင့်တင်မှုတစ်ရပ်ကို ကြေညာခဲ့ပြီး ယခုအခါတွင် မောင်းသူမဲ့လေယာဉ်များ(UAVs) တန်ပြန်ကာကွယ်ရေးအတွက် တင့်ကား၊ သံချပ်ကာယာဉ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသို့ အဆင့်မြှင့်တင်နိုင်ခဲ့မှုသည် မြေပြင်နှင့် လေကြောင်းခြိမ်းခြောက်မှုများကို ထိရောက်စွာတန်ပြန်ကာကွယ်နိုင်စေခြင်းဖြင့် စစ်မြေပြင်တွင် တင့်ကား၊ သံချပ်ကာ တပ်ဖွဲ့များ၏ ရပ်တည်ရှင်သန်နိုင်စွမ်းကို မြှင့်မားကောင်းမွန်စေမည့် သမိုင်းမှတ်တိုင်သစ်တစ်ခုလည်းဖြစ်သည်။

TROPHY ကာကွယ်ရေးစနစ်သည် တင့်ဖျက်ဒုံးကျည်များ (ATGMs)၊ ဒုံးပစ်လောင်ချာများ (RPGs) အပါအဝင် ခေတ်သစ်စစ်မြေပြင်တွင် ခြိမ်းခြောက်လာနိုင်မှုများကို ထိရောက်စွာတန်ပြန်ချေဖျက်နိုင်စွမ်းကို စစ်မြေပြင်တွင် လက်တွေ့သရုပ်ပြ စမ်းသပ်နိုင်ခဲ့ပြီလည်းဖြစ်သည်။ ခြိမ်းခြောက်မှုအများစုတွင်UAV များဖြစ်ပြီး ခေတ်သစ်ခြိမ်းခြောက်မှုများကို တိုးမြှင့်ကာကွယ်နိုင်စွမ်းရှိသည့် ကာကွယ်ရေးစနစ်တစ်ခုအဖြစ် သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။

အစ္စရေးနိုင်ငံ RAFAEL ကုမ္ပဏီထုတ်TROPHY ကာကွယ်ရေးစနစ်သည် ကမ္ဘာပေါ်တွင် တင့်ကား၊ သံချပ်ကာယာဉ်များအတွက် ကာကွယ်ရေးစနစ်များထဲမှ ယုံကြည်စိတ်ချရဆုံး စနစ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည်။ ကမ္ဘာ့နိုင်ငံ ၁၂ နိုင်ငံကျော်ရှိ တင့်ကား၊ သံချပ်ကာယာဉ်များ အပါအဝင် စစ်ဘက်သုံးယာဉ်များတွင် အသုံးပြုလျက်ရှိကြသည်။ ၎င်းသည် ပင်မတိုက်ပွဲဝင်တင့်ကားများ (MBTs)၊ သံချပ်ကာလူသယ်ယာဉ်များ (APC)နှင့် သံချပ်ကာတိုက်ခိုက်ရေးယာဉ်များ (AFVs) တွင် ခြိမ်းခြောက်မှုမြင့်မားသော ပတ်ဝန်းကျင်အခြေအနေများ၌ အရေးကြီးသော ကာကွယ်ရေးအလွှာတစ်ရပ်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

TROPHY ကာကွယ်ရေးစနစ်ကို အမေရိကန်၊ ဂျာမနီနှင့် အစ္စရေးတို့အပါအဝင် အခြားကမ္ဘာတစ်ဝန်းမှ နိုင်ငံအများအပြားတွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။ အဆိုပါစနစ်သည် မကြာသေးမီက အရှေ့အလယ်ပိုင်းပဋိပက္ခများတွင် ခြိမ်းခြောက်မှုများစွာကို အောင်မြင်စွာတုံ့ပြန်ချေဖျက်နိုင်စွမ်းပြသနိုင်ခဲ့ပြီး တင့်ကား၊ သံချပ်ကာယာဉ်များနှင့် တပ်ဖွဲ့ဝင်များ၏ အသက်များစွာကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သည်။ UAV ရန်များပါ တန်ပြန်ကာကွယ်နိုင်မှု စွမ်းရည်သစ်သည် ဘက်ညီ၊ ဘက်မညီ စစ်ပွဲပတ်ဝန်းကျင် နှစ်မျိုးစလုံးတွင် ရန်သူ့ခြိမ်းခြောက်မှုများကို ခုခံကာကွယ်နိုင်စွမ်းမြှင့်တင်ရန် ကြိုးပမ်းအားထုတ်လာသည့် နိုင်ငံတကာတပ်မတော်များအတွက် စစ်မြေပြင်ရလဒ် အလှည့်အပြောင်းဖြစ်စေမည့် ကာကွယ်ရေးစနစ်တစ်ရပ်ဖြစ်လာခဲ့သည်။

အစ္စရေးနိုင်ငံ RAFAEL ကုမ္ပဏီ၏ TROPHY Active Protection System (APS) ကာကွယ်ရေးစနစ် အဆင့်မြှင့်တင်မှုများသည် UAV အပါအဝင် မြေပြင်နှင့် ဝေဟင်ခြိမ်းခြောက်မှုနှစ်ခုစလုံးမှ တင့်ကား၊ သံချပ်ကာယာဉ်များကို ကာကွယ်ရာတွင် အရေးကြီးသော နည်းပညာတိုးတက်ဖွံ့ဖြိုးမှု တစ်ရပ်လည်းဖြစ်သည်။ ဤအဆင့်မြှင့်စနစ်သည် တင့်ကား၊ သံချပ်ကာတပ်ဖွဲ့အတွက် ပြီးပြည့်စုံသော ကာကွယ်ရေးစနစ်ကို ပိုင်ဆိုင်ထားနိုင်စေပြီး မျိုးဆက်သစ် Active Protection Systems စနစ်များတီထွင်ရာတွင် RAFAEL ကုမ္ပဏီ၏ ရှေ့တန်းကျကျဦးဆောင်နေမှုကို ဖော်ပြလျက်ရှိသည်။ စစ်ပွဲများဆက်လက် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဒရုန်းများနှင့် UAV များကို ခုခံကာကွယ်နိုင်စွမ်းသည် ပို၍အရေးကြီးလာကာ TROPHY ကာကွယ်ရေးစနစ်သည် ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များအတွက် မရှိမဖြစ်လိုအပ်သော စနစ်တစ်ခုဖြစ်လာခဲ့သည်။

**Israel's RAFAEL Enhances TROPHY Active Protection System to Counter Both Missile & Drone Threats** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က AD-120 လက်နက်စနစ်သစ်ဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြှင့်တင်လုပ်ဆောင်လာ

အီရန်နိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းစုသည် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို အများဆုံးအကွာအဝေး ကီလိုမီတာ ၁၂၀ နှင့် အမြင့် ၂၇ ကီလိုမီတာထိ ကြားဖြတ်ဟန့်တား ဖျက်ဆီးနိုင်စွမ်းရှိသော AD-120 ကဲ့သို့သော ပြည်တွင်းထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များကို ဆက်လက်တီထွင်ထုတ်လုပ်လျက်ရှိကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒေသတွင်း လုံခြုံရေးအခင်းအကျင်းများ ပြောင်းလဲလာသည်နှင့်အမျှ အီရန်နိုင်ငံသည် ခေတ်မီစစ်ဘက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဦးစားပေးလုပ်ဆောင်နေပြီး AD-120 သည် လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် မိမိကိုယ်ကို မှီခိုအားထားမှုမြင့်မားလာခြင်းအပေါ် သက်သေပြချက် တစ်ရပ်လည်းဖြစ်သည်။

AD-120 သည် အဆင့်မြင့်နည်းဗျူဟာနှင့် မဟာဗျူဟာမြောက် လေယာဉ်များ၊ UAV များနှင့် ရဟတ်ယာဉ်များ အပါအဝင် ဝေဟင်ခြိမ်းခြောက်မှု အမျိုးမျိုးကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်ထားသည့် အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်သည်။ အဆိုပါစနစ်သည် ရာသီဥတုအခြေအနေအမျိုးမျိုးတွင် ခြိမ်းခြောက်မှုများကို တိကျစွာပစ်မှတ်ထားပြီး ကြားဖြတ်တိုက်ခိုက်နိုင်စေရန်အတွက် အဆင့်မြင့်ရေဒါစနစ်နှင့် ဒုံးကျည်နည်းပညာများ အသုံးပြုထားသည်။

AD-120 လက်နက်စနစ်သည်တာဝေးနှင့်အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် အမျိုးအစားဖြစ်ပြီး အများဆုံးအကွာအဝေး ကီလိုမီတာ ၁၂၀ မှ အနည်းဆုံး ခုနစ်ကီလိုမီတာအတွင်း၊ အမြင့် ၂၇ ကီလိုမီတာမှ အနိမ့်ပျံပစ်မှတ်ဒရုန်းများထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အချင်း မီလီမီတာ ၄၀၀ ရှိ ဒုံးကျည်သည် ကျစ်လျစ်ပေါ့ပါးသော်လည်း အဖျက်စွမ်းအားပြင်းကာ ဒုံးထိပ်ဖူး အလေးချိန် ကီလိုဂရမ် ၉၀ ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ထိကွဲနှင့် အချိန်ကိုက် ဖောက်ခွဲတိုက်ခိုက်နိုင်သော စနက်တံအမျိုးအစားနှစ်ခုစလုံး အသုံးပြုနိုင်သည်။ ဒုံးကျည်၏ စုစုပေါင်း အလေးချိန်မှာ ၉၉၅ ကီလိုဂရမ်ရှိပြီး တိုက်စွမ်းအားမြင့်မားကောင်းမွန်သည့် ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။

လမ်းညွှန်ထိန်းကျောင်းမှုတွင် AD-120 ဒုံးကျည်သည် ဒေတာလင့်ခ်ချိတ်ဆက်မှုမှတစ်ဆင့် Inertial Navigation လမ်းညွှန်မှုစနစ်၊ Semi-Active နှင့် Active Radar Homing အာရုံခံစနစ်တို့ကို ပေါင်းစပ်အသုံးပြုထားသည်။ ခေတ်မီဆန်းသစ်သော ပေါင်းစပ်လမ်းညွှန်စနစ်သည် ဒုံးကျည်ကို လျင်မြန်စွာလှုပ်ရှားစစ်ကစား ပျံသန်းနိုင်သော ဝေဟင်ပစ်မှတ်များကို ခြေရာခံထိန်းကျောင်း၍ ကြားဖြတ်တိုက်ဖျက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ AD-120 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ခေတ်မီလေကြောင်းစစ်ပွဲ၏စိန်ခေါ်မှုများကိုရင်ဆိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အီရန်နိုင်ငံ ကာကွယ်ရေးကဏ္ဍအတွက် အဓိကအောင်မြင်မှုတစ်ခုဖြစ်သည်။ ၎င်း၏အဆင့်မြင့်ရေဒါနည်းပညာ၊ အရွယ်အစားကျစ်လျစ်ပေါ့ပါးသောဒုံးကျည်ပစ်လွှတ်သည့်စနစ်များနှင့် အဖျက်စွမ်းအားပြင်း တိကျပဲ့ထိန်းဒုံးကျည်များ ပေါင်းစပ်အသုံးပြုထားခြင်းကြောင့် လေကြောင်းခြိမ်းခြောက်မှုများကို ကျယ်ပြန့်စွာ ခုခံကာကွယ်နိုင်ရန်အတွက် ဒေသတွင်းခြိမ်းခြောက်မှုများဖြင့် ရင်ဆိုင်ရချိန်မျိုးတွင် အီရန်လေပိုင်နက်ကို ကာကွယ်နိုင်စွမ်းမြင့်မားကောင်းမွန်စေသည့် စွမ်းအားတစ်ရပ် ဖြစ်လာခဲ့သည်။



**Iran advances the development of its air defense systems with the new AD-120** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း ၁၀၁၃၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကျွန်းလှ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောအစေ့ထုတ်ပြောင်း ၁၀၁၃၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၁၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၈ ဒသမ ၆၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ စိုက်ပျိုးထားတဲ့ အစေ့ထုတ်ပြောင်း စိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၁၃၃ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ တောင်သူတွေ အစေ့ထုတ်ပြောင်း စိုက်ပျိုးရာမှာ သီးသန့်စိုက်ကြသလို ပဲစင်းငုံနဲ့လဲ သီးညှပ် စိုက်ပျိုးကြပါတယ်။ အခု ပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၄၀ ကျော် ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအစုံ အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအစုံအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဩဂုတ်လအတွင်းက ငှက်ပျောအစုံ အဖီးရေ ၄၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက် ထိ ငှက်ပျောအစုံအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''စက်တင်ဘာလအတွင်း ငှက်ပျောအစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့မှု အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို ငှက်ပျောတွေက ဝယ်ယူမှုများနေတဲ့အခြေအနေရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ငှက်ပျောသီးတွေက ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်စတဲ့ ငှက်ပျောအမျိုးအစားတွေ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့တယ်''ဟု ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီး ဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရခိုင်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀၊ သီးမွှေးငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အောင်လံမြို့နယ် တန်ဖိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန်ဖိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တန်ဖိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၊ ရေလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၈ ဦးကို ရန်ပုံငွေကျပ် ၄၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုလှိုင်


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပြည်သူလူထုနှင့် ထိတွေ့နေရသောဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆ ရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်



**နေပြည်တော် အောက်တိုဘာ ၂၈**

တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများအရည်အသွေးပြည့်ဝရန်နှင့်လုပ်ရည်ကိုင်ရည်တိုးတက်ရန် သိသင့်သိထိုက်သည်များကို အစဉ်လေ့လာသင်ယူရန် လိုအပ်ကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဦးစီးအရာရှိအဆင့် အရာရှိသင်တန်းသား ဦးရေ ၂၀ နှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုနှင့် ထိတွေ့နေရသောဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆ ရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဌာန၏ လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အပတ်တကုတ် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် အခြားသော ဝန်ထမ်းငယ်များကိုလည်း အသိပညာများ ပြန်လည်မျှဝေပေးစေလိုကြောင်း၊ ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း လေ့လာသင်ယူကြပြီး လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ အဌမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ အဌမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက် အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များကလုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင်အမျိုးသားမြေဥပဒေပထမ(မူကြမ်း)အခန်း (၁) မှ (၁၅) အထိ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ယခင်အစည်းအဝေးများတွင် ယာယီသဘောတူအတည်ပြုထားသည့် ဥပဒေမူကြမ်း နှစ်ခုကို စုစည်းပေါင်းစပ်ပြီး ဥပဒေတစ်ရပ်လုံး မူကြမ်းအဖြစ် ပြုစုထားမှုများဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် ကလောမြို့နယ် အမှတ်(၁)အခြေခံပညာကျောင်းသို့ရောက်ရှိပြီး အဆောက်အအုံများပျက်စီးဆုံးရှုံးခဲ့မှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများ အစားထိုး နှစ်ဝက်ဆုံးတတ်မြောက်မှုစစ်ဆေးအကဲဖြတ်သည့် စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၇)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(အင်းခေါင်း)နှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့ သွားရောက်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ကလောမြို့နယ်ရှိကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားသင်ယူမှုအခြေအနေများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမှ ပညာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား၊ ကျောင်းသူများတွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကိုမှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားကာ ကျောင်းအလိုက်လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အခြေခံပညာအလယ်တန်းကျောင်းဘုရားဖြူ(မြောက်)နှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းအတွင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီးJengPhang နော်တောင် တွေ့ဆုံဆွေးနွေး







**တောင်ကြီး အောက်တိုဘာ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင် သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များကို ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ကြောင်း၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကတိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကိုထောက်ပံ့ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရေး မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆက်စပ်သင်တန်းများကိုဆက်လက်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင်အားကစားကွင်းများတွင် ဆက်လက်ကျင်းပယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း(၁)၌လည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားလေ့ကျင့်ရေးခန်းမ(၃)၌လည်းကောင်း၊ ယနေ့တွင် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ(၁)၌ လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကိုသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက် ကြည့်ရှုအားပေးကြပြီး ပွဲစဉ်များအပြီးတွင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်– ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

## စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute(GXETVI)တို့ ပူးပေါင်း၍ အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၈**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute(GXETVI) တို့ပူးပေါင်း၍ အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဝတ်အထည်နှင့် အထည်ချုပ်ဆိုင်ရာ စီမံကိန်း နှစ်ခုအနက် Modern Craftsmanship Institute for Textile and clothing စီမံကိန်းအတွက် ပထမအကြိမ် အဝတ်အထည်ချုပ်လုပ်မှုဆိုင်ရာ သင်တန်းလည်းဖြစ်ပါကြောင်း၊ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျလေ့ကျင့်သင်ကြားပေးထားသည့် အထည်ချုပ်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် များစွာလိုအပ်ပါကြောင်း၊ လျင်မြန်စွာတိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန် သင်ယူတတ်မြောက်ထားသည့် ပညာရပ်များကိုအခြေခံပြီး တီထွင်ကြံဆမှု၊ လေ့လာဆန်းသစ်မှု၊ စဉ်ဆက်မပြတ်သင်ယူလေ့လာမှုများကို ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက စာတွေ့လက်တွေ့အပြင် အွန်လိုင်းမှ သင်ကြားပေးမည့် အစီအစဉ်များပါဝင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးဝန်ကြီးဌာန အသက်မွေးဝမ်းကျောင်းနှင့် အရွယ်ရောက်ပြီးသူများအတွက် ပညာရေးဆိုင်ရာရုံး လက်ထောက်ညွှန်ကြားရေးမှူး Ms. Wang Zhuo နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang တို့က သင်တန်းပူးပေါင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အွန်လိုင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းခန်းမများတွင်း လိုက်လံကြည့်ရှုကာ သင်တန်းနည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း၊ သင်တန်းတွင် သင်တန်းသားဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၁ ရက်ထိဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများ၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းတွင် သင်ကြားပေးသွားမည့် လက်မှုပညာနမူနာပုံစံများကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာရပ်များကို နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာများကို တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် စက်ချုပ်သင်တန်းကို သင်တန်းသူဦးရေ ၃၀ ဖြင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၈) ဖွင့်ပွဲ ကျင်းပစဉ်။

## အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက် ည ၈ နာရီမှ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၆၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ပဋ္ဌာနသောတဂါမိနီဓမ္မဗိမာန်တော်၌ ကျင်းပရာ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင်တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ မျက်စိဝေဒနာရှင်တစ်ဦးအား ကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်သူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မျက်စိဝေဒနာရှင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွယ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း၂၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားတော် နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ဆေးရုံအတွင်းလိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဉက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသော ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များကို အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်ထိ တစ်နေ့လျှင် ဦးရေ ၂၅၀ ခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများကို ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

# ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံကမ်းခြေဒေသ Sea & Lake အပန်းဖြေစခန်းသို့ရောက်ရှိပြီး ဒီရေတောစိုက်ခင်းများကို စနစ်တကျထိန်းသိမ်း၍ ခရီးသွားဆွဲဆောင်မှုတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ထားမှု၊ ကျောက်စိမ်းပြတိုက်နှင့် သစ်သားပန်းပုပြတိုက်များ ခင်းကျင်းပြသထားမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ထားရှိမှုနှင့် စွန့်စားအားကစားခရီးသွားလုပ်ငန်း အစီအစဉ်များဖြစ်သည့် zip Lining၊ Wall Climbing၊ Quick Jump စသည့် အားကစားနည်းများဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားပြီး ဌာနပိုင်အဆောက်အအုံများနှင့် တည်ဆောက်ဆဲဟိုတယ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ချောင်းသာကမ်းခြေဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချောင်းသာကမ်းခြေဒေသ Azura Beach ဟိုတယ်၌ တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ချောင်းသာကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့် ဝန်ဆောင်မှုပေးနေမှုများ၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၃၀-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အေးချမ်းစွာ ပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**❍ နေရှင်နယ်လိဂ်မှအဆက်**

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် နေနိုင်လင်းက သွင်းယူပေးခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန်မိနစ် ၉၀ တွင် မင်းခန့်ဇော်က သွင်းယူပေးခဲ့ကြောင်း သတင်းရရှိသည်။ STA

**☆ ဖမ်းဆီးရမိမှုအဆက်**

လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၉၇၁၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၂၅ တန်၊ အခြားသစ် သုည ဒသမ ၇၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၂၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ခူဝံလမ်း ဒေသငါးဖမ်းစက်လှေဆိပ်အနီး မြစ်ကမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ နှင့် မြိတ်မြို့ မင်းဓမ္မ(၈)လမ်း အင်းလေးမြိုင် စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၁၈၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၄၀၀တန်၊ သစ်မာ ၃ ဒသမ ၇၇၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၈၈၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၄၈၇၂၈၅ ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး နိုင်ငံအတွင်း၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ၎င်းစံချိန်စံညွှန်းမပြည့်ဝနိုင်သည့် ကုန်ကြမ်းပစ္စည်းများ အသုံးပြုမှုကြောင့် အဆိုပါအဆောက်အအုံများတွင် နေထိုင်သူပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုက်ကြီးမြို့နယ် ဥက္ကံကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဥက္ကံကံကုန်းကျေးရွာအုပ်စု ဥက္ကံကံကုန်းကျေးရွာမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဟသာ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၇၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၈၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။


# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝင့်ရွှေရည်မိုး(ခ)စတားရွှေရည်ဖိုးဇော်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ ဦးရဲထွဋ်အောင် "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်ဇာအေးလွင် "ယမုန်နာ"(ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲအခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်ဇော် "တောဟေဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးဇော်ထွေး(ခ)မိုးထက်အောင် စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်စဉ်။




မဟာဂီတဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "တောတောင်စွယ်"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



အခြေခံပညာ(၁၀-၁၅) (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းလက်အောင် "ဧယျာမြို့" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မအေးစုလှိုင် "တောတောင်စွယ်" (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲတွင် အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲရင့်ကျော် "ဂုဏ်တော်ကိုးသွယ်"သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး)အကပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မဩလင်းဖြူ စည်းဝါးနရီပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင်ကပြစဉ်။



မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် "သီလာဝေယံ" (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန်လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးသေဆုံးကာ တစ်ဦးကို လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန်လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်သမားများ အနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၂)ရပ်ကွက် ပတ္တမြားလမ်းရှိ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းအနီး၌ အမျိုးသားနှစ်ဦး မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် လဲကျနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၈)ရပ်ကွက်နေ ဖိုးလပြည့် ၂၉ နှစ်(ဘ) ဦးသက်တိုးနှင့် အမှတ်(၉၄)ရပ်ကွက်နေ ပိုင်မင်းထက် ၂၀ နှစ် (ဘ) ဦးတင်ဝင်းတို့နှစ်ဦးကို မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် ဆေးကုသပေးနိုင်ရေး အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)သို့ပို့ဆောင်၍ ထိန်းသိမ်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ယင်းနေ့နံနက် ၄ နာရီခွဲတွင် ဖိုးလပြည့်၊ ပိုင်မင်းထက်နှင့်အောင်နိုင်ထွန်း(ခ)ကရင်တို့သည် ငွေစိုး ၄၀ နှစ် မောင်းနှင်သည့် Toyota Corolla အမျိုးအစား YGN AA-4000 နံပါတ်ပါအဖြူရောင်အငှားယာဉ်ဖြင့် အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို မိုင်းထောင်ဖောက်ခွဲရန်သွားရောက်စဉ် အဆိုပါရုံးအနီးအရောက်၌ ယာဉ်ပေါ်တွင်သယ်ဆောင်လာသည့် လက်လုပ်မိုင်းမှာ ပေါက်ကွဲခဲ့သဖြင့် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးတွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အောင်နိုင်ထွန်း(ခ)ကရင်မှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့ကာ ယာဉ်မောင်းဖြစ်သူ ငွေစိုးက ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးကိုတင်ဆောင်၍ ဆက်လက်မောင်းနှင်ကာ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းအနီးအရောက်၌ ယာဉ်ပေါ်မှချထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦး၏ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်မောင်း ငွေစိုးကို ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် မေယဝတီလမ်းထောင့်အနီးတွင် ငွေစိုးကို ၎င်းမောင်းနှင်သည့် အဖြူရောင်အငှားယာဉ်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်ကိုအသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ သံပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကိုတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ တရားခံသုံးဦးအနက် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့မှာ ဆေးကုသမှုခံယူနေစဉ် ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး တရားခံ ငွေစိုးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူ တရားခံ အောင်နိုင်ထွန်း(ခ)ကရင်ကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို အောက်တိုဘာ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်တွင် ရဲပဒိုင်းကျေးရွာနှင့် ရွာသစ်ကျေးရွာအကြား နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ရဲပဒိုင်းကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကာ ဆုတ်ခွာထွက်ပြေးစဉ် လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအနီးတွင် တိုက်ပွဲများဖော်ဆောင်ပြီး ၎င်းတို့ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူများ၏ နေအိမ်များကို ယခုကဲ့သို့ မီးရှို့ဖျက်ဆီးနေသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# မဟာအောင်မြေနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မဟာအောင်မြေနှင့်တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ်ဟေမမာလာ(မြောက်)ရပ်ကွက် လမ်း ၈၀၊ ၃၆-၃၇ လမ်းကြားတွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိအိမျိုး(ခ)နန်းအိတ်မြတ်ကို စစ်ဆေးရှာဖွေရာစိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်တွင် ၎င်းတည်းခိုနေထိုင်သည့် မဟာအောင်မြေမြို့နယ် ဟေမမာလာ(မြောက်)ရပ်ကွက် လမ်း ၈၀၊ ၃၆-၃၇ လမ်းကြားရှိ ဟိုတယ်အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၉၂၄ ကီလိုနှင့် အက်တက်စီဆေးပြား ၄၅ ပြားတို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲ



တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေရဲကျေးရွာအနီးတွင် လော်ဂါမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းခမ်းပန် မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water သုံးကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့်ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Get Well Soon Myanmar Platform” Facebook Page အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက်နေ သူရထွန်းအားနံနက် ၁၀ နာရီ ၁၅ မိနစ်၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ)သားကြီးနှင့် ရဲဝင်းသူတို့ကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ၌လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# အဖေနှင့်စကားပြောခြင်း

ပိုင်ဆု(ပညာရေး)



(၁)

"သင်းသင်း အငယ်မရေ အားရင်အောက်ကို ခဏဆင်းခဲ့အုံး"

"မအားသေးဘူး မမကြီးရေ၊ အဖေနဲ့စကားခဏ ပြောလိုက်အုံးမယ်"

မည်သည့်ကိစ္စခေါ်မှန်းမသိသော်လည်း အဖေနှင့် စကားပြောရန်က အရေးကြီးသည်မို့ အပေါ်ထပ်ရှိ အဖေ့ခုတင်ဆီသို့သာ ဦးတည်လိုက်တော့သည်။ မမကြီးကလည်း အလိုက်သိစွာပင် ဆက်မခေါ်တော့ပေ။

သူကိုယ်တိုင်က အဖေနှင့်စကားပြောသည့် အချိန်ဆိုလျှင် မည်သည့်အရေးကြီးသည့်ကိစ္စရှိနေပါစေ ဥပေက္ခာပြုနိုင်ခဲ့သူဖြစ်သည်။ ယခုလည်း အဖေ့ခုတင်ခြေရင်းနားတွင် ဝင်ထိုင်လိုက်ပြီး အဖေ့ကိုဦးစွာကန်တော့လိုက်သည်။ ထိုကိစ္စတွေသည် သူနေ့တိုင်းပြုနေကျ ဝတ္တရားတွေပင်ဖြစ်သည်။

"အဖေ သမီးကို စောင့်နေတာကြာပြီလား။ ဒီနေ့ ပြောစရာတွေရှိတယ်အဖေ။ အခုတလော ဆိုင်ကလဲ အဝယ်တွေ ပါးတယ်အဖေရယ်။ အဝယ်ပါးပေမဲ့ တအားပင်ပန်းတာပဲ။ ဘာကိုပင်ပန်းလို့ ပင်ပန်းမှန်းကိုမသိပါဘူး။ မမကြီးတို့ကတော့ အလုပ်သမားတွေနဲ့လွှဲထားပြီး အနားယူဖို့ပြောပါတယ်။ ဒါပေမဲ့ အဖေလဲသိတဲ့အတိုင်း အဖေ့သမီးကအဖေ့လိုပဲ ကိုယ်တိုင်လုပ်ရမှကျေနပ်တာလေ။ နောက်ပြီး မနက်ဖြန်ဆိုအမေဆုံးတာ ဆယ့်ရှစ်နှစ်ပြည့်ပြီအဖေ။ ဒါကြောင့် အမေ့ကိုရည်စူးပြီး အိမ်မှာမနက် အရုဏ်ဆွမ်းကပ်မယ်အဖေ။ အဖေလဲ သာဓုခေါ်နော်။ ကဲ… ဒါဆို သမီးသွားတော့မယ်။ အောက်မှာ မမကြီးကလဲခေါ်နေလို့ အဖေလဲ နားတော့နော်"

ထို့နောက် အဖေ့ခုတင်ခြေရင်းမှ အသာအရာဆင်း၍ အောက်ထပ်သို့ဆင်းလာခဲ့တော့သည်။

(၂)

"ကြီးကြီးကို ပြောစရာရှိလို့"

"အေး.ဘာပြောမလို့လဲ"

"ဟို ဟို အိမ်ပေါ်မှာ အန်တီသင်း ခုတင်အလွတ်ပေါ်မှာထိုင်ပြီး တစ်ယောက်တည်း စကားပြောနေလို့၊ အဲဒါ"

"မိမွေး နင့်ကိုအိမ်မှာခိုင်းဖို့ ခေါ်ထားတာ ဟိုစပ်စုဒီစပ်စုဖို့ ခေါ်ထားတာ မဟုတ်ဘူး။ နောက်တစ်ခါ မဆိုင်တာလာမေးရင်ငါ့အကြောင်းသိမယ်။ သွား လုပ်စရာရှိတာသွားလုပ်"

အိမ်ဖော်အသစ်လေးကို မမကြီး ကြိမ်းမောင်း၍ ပထုတ်လိုက်သည်ကို သူ မြင်တွေ့လိုက်သည်။ အိမ်ဖော်မကလေးနှင့် မမကြီးတို့ပြောစကားများကိုလည်း သူ နံရံအကွယ်ကနေ ကြားလိုက်ရပါသည်။ သို့သော် သူ မည်သို့မျှမခံစားရပါ။ သဘောကျ၍ ပြုံးပင်ပြုံးလိုက်သေးသည်။ ထို့နောက် မမကြီးဘေးနားတွင် ဝင်ထိုင်လိုက်သည်။

"ကဲ သင်းသင်း အဖေနဲ့စကားပြောလို့ ဝပြီလား ပြော"

မမကြီး၏ အမေးစကားကိုသဘောကျစွာ ပြုံးလိုက်သည်။ အသက်အရွယ်က လေးဆယ်ကျော်ဆိုသော်လည်း မမကြီး၏ရင်ခွင်ထဲသို့ကလေးတစ်ယောက်လို ခေါင်းဝင်တိုးလိုက်သည်။ မောင်နှမခြောက်ယောက်တွင် မမကြီးနှင့်သူသာ အိမ်ထောင်မရှိအပျိုကြီး တွေဖြစ်သည်။ မမကြီးနှင့်သူသည် အကြီးဆုံးနှင့် အငယ်ဆုံးဖြစ်သည့်အပြင် အသက်ဆယ့်ငါးနှစ်ကွာသည်မို့ မမကြီးသည် အမေတစ်ယောက်လိုပင် အားကိုးအားထားဖြစ်ခဲ့ရသည်။

"သင်းသင်း ဆိုင်ကို အလုပ်သမားတွေနဲ့ လွှဲထားပါလား။ နောက်ပြီး မိညိုလဲ ရှိနေတာပဲ။ ကိုယ့်ကျန်းမာရေးကိုယ်ဂရုစိုက်ပြီး အနားယူပါလားကွယ်"

မမကြီး၏စကားကို သူ မည်သို့မျှမတုံ့ပြန်ခဲ့ပေ။ အညိုသည် ညီအစ်မဝမ်းကွဲတော်စပ်ပြီး သင်းသင်း၏ အထည်ဆိုင်တွင် မန်နေဂျာအဖြစ် တာဝန်ယူထားသူဖြစ်သည်။ ဆိုင်အတွက်လည်း မျက်နှာလွှဲ၍ရသူလည်းဖြစ်သည်။ သို့သော် သူကိုယ်တိုင်ကိုက အလုပ်မလုပ်ရလျှင်မနေတတ်သူဖြစ်သည်။

"ကဲ ကြည့် အစ်မကပြောနေရင် ဘာမှပြန်မပြောဘူး။ ညည်းအတွက်ပြောနေတာ အငယ်မရေ"

"သိပါတယ် မမကြီးရယ်။ ဒီရက်ပိုင်း မန္တလေးက အထည်တွေဝင်စရာတွေရှိလို့။ အဲဒါတွေပြီးသွားရင် အညိုနဲ့ခဏ လွှဲထားလိုက်ပါ့မယ်"

မမကြီးသည်လည်း ဘာမှဆက်မပြောတော့ဘဲ မမကြီးရင်ခွင်ထဲမှ သူ၏ခေါင်းလေးကို ပွတ်သပ်၍နေလေတော့သည်။ အသက်ငါးဆယ့်ငါးနှစ်နှင့် လေးဆယ်ကျော်ညီအစ်မတွေဆိုသော်လည်း ဆယ်ကျော်သက် ညီအစ်မတွေလို ချစ်ခင်နေထိုင်လျက်ရှိနေကြဆဲပင်ဖြစ်သည်။ သူကိုယ်တိုင်ကိုက မမကြီးနှင့်တွေ့လျှင် အလိုလို ကလေးလေးဖြစ်သွားခဲ့ရသည်။

(၃)

သင်းသင်းသည် အမေဆုံးပြီးကတည်းက အဖေ၊ မမကြီး၊ အိမ်တွင် အဖော်ရအောင်ခေါ်ထားသည့် အဖေ့၏ညီမဝမ်းကွဲ ဒေါ်တင်ဥ၊ ညီအစ်မဝမ်းကွဲ အညိုတို့နှင့်အတူနေထိုင်ခဲ့ကြသည်။ အိမ်ထောင်ကျသွားသောမွေးချင်းများကတော့ အိမ်ခွဲ၍နေကြသည်။ သူကတော့ အထည်ဆိုင်ဖွင့်ပြီး အပျိုကြီးဘဝဖြင့်သာ ဖြတ်သန်းခဲ့သည်။

**❖အဖေနှင့် ခဏတဖြုတ်လေး ပုံမှန်စကားပြောဖြစ်သော်လည်း ထိုအခိုက်အတန့်လေးသည် သူ့အတွက် အလင်းလက်ဆုံး ဖြစ်ခဲ့ရသည်။ မည်သည့်အရာနှင့်မျှ တိုင်းဆ၍မရနိုင်သော ခွန်အားတွေရရှိခဲ့ရသည်။ မျက်စိနှင့် မမြင်ရသော်လည်း နှလုံးသားနှင့် အသိစိတ်မှာတော့ အဖေ့၏ပုံရိပ်တွေက အထင်းသားပင်။ အဖေ့ကို ပြောချင်တာတွေ ရင်ဖွင့်ပြီးသည်နှင့် အောက်ထပ်သို့ဆင်းရန်အပြုမှာပင် ဝရန်တာတွင် ကြားနေရသော စကားပြောသံများကြောင့် ဝရန်တာဆီသို့ ဦးတည်လိုက်တော့သည်။❖**

အိမ်ကိုပြန်ရောက်တိုင်းအလုပ်မှအတွေ့အကြုံ၊ အခက်အခဲများကို အဖေ့အားပြောပြပြီး ရင်ဖွင့်လေ့ရှိသည်။ အဖေ့ကိုရင်ဖွင့်လိုက်ရလျှင် သူအတွက် ပေါ့ပါးသွားသကဲ့သို့ခံစားရသည်။ အဖေသည်လည်း သူ ပြောသမျှကို ပြုံးပြုံးကြီးနားထောင်ပြီး အကြံဉာဏ်များပြန်ပေးလေ့ရှိသည်။

သို့သော် သင်္ခါရတရား၏ လမ်းညွှန်မှုက သူ့ကို ခြောက်လှန့်စေခဲ့သည်။ အဖေသည်သူ၏ လက်ပေါ်မှာပင် အသက်ဆုံးပါးသွားခဲ့ရသည်။ အရုပ်ကြိုးပြတ်သွားသည့်ပမာနယ် သူခံစားခဲ့ရသည်။ သူ၏အချစ်ရဆုံး အဖေအတွက် ဖြေမဆည်နိုင်အောင်ပင်ခံစားခဲ့ရသည်။

ညတိုင်း ဆေးလူးပေးနေကျ၊ စကားပြောရင်ဖွင့်နေကျ အချိန်တွေသည် ယခုတော့ အမှောင်ကျနေသကဲ့သို့ပင်။ အဖေသေဆုံးသွားသော်လည်း သူ၏နှလုံးအိမ်ထဲတွင် ရှင်သန်နေဆဲဖြစ်သောကြောင့် အဖေရှိနေစဉ်တုန်းကကဲ့သို့ပင် သူ၏ဝတ္တရားများကို ဆောင်ရွက်ခဲ့သည်။ အဖေ့ခုတင်ကိုလည်း ဒီအတိုင်းထားပြီး နေ့စဉ်သန့်ရှင်းရေးလုပ်ပေးခဲ့သည်။ အဖေ့ကိုလည်း နေ့စဉ်ရင်ဖွင့်ခဲ့သည်။ အိမ်သားများအားလုံးသည်လည်း သူ့ကို နားလည်ပေးကြသည်။ ယခု အဖေဆုံးသည်မှာလည်း ခုနစ်နှစ်ကျော်ရှိပြီဖြစ်သောကြောင့် သူ၏ဖြစ်စဉ်သည်အထူးအဆန်းမဖြစ်တော့ပေ။ သူကိုယ်တိုင်လည်း ယခုအချိန်ထိ တစ်ရက်မပျက်ဘဲ အဖေနှင့်စကားပြောနေမြဲပင်ဖြစ်သည်။

(၄)

"အန်တီသင်းရဲ့ အဖေကိုချစ်တဲ့စိတ်ကတအားကို လေးစားဖို့လဲ ကောင်းတယ်နော်။ အခုဆို အန်တီသင်း ညတိုင်း ခုတင်ပေါ်မှာတစ်ယောက်တည်း ဘာလို့စကားပြောနေရလဲဆိုတာ မိမွေးသဘောပေါက်ပါပြီ"

"သဘောပေါက်ရင်လဲ အလုပ်ဆက်လုပ် အခုငါ ပြောတာကိုလဲ မသိသလိုပဲနေ ကြားလား မိမွေး"

"စိတ်ချပါ ဒေါ်တင်ဥရယ် မိမွေးသဘောပေါက်ပါတယ်။ မိမွေးလဲ အဖေမရှိတဲ့သူဆိုတော့ အန်တီသင်းကို သနားမိတယ်။ နောက်ပြီး မိမွေးလဲ မိမွေးအဖေကို တအားချစ်တာ"

ဒေါ်တင်ဥနှင့် မိမွေးတို့ မီးဖိုချောင်ထဲတွင်တီးတိုးပြောနေကြသည်များကို သူ အမှတ်တမဲ့ဖြင့်ကြားလိုက်ရသည်။ မိမွေးသိသွားခြင်းသည်လည်း ထူးဆန်းသည်မဟုတ်သောကြောင့် မသိယောင်ဆောင်ပြီး ထွက်ခဲ့လိုက်တော့သည်။ ယနေ့ဆိုင်သွားပြီး အလုပ်ကိစ္စတွေကိုအညိုနှင့် လွှဲထားမည်ဖြစ်သည်။ တစ်ပတ်လောက်တော့ အိမ်တွင်အနားယူမည်ဟုဆုံးဖြတ်ထားသည်။ မမကြီးလည်းကျေနပ်မည်ထင်ပါသည်။

"လောကမှာ အရာအားလုံးကို သိချင်၊ ပါချင်နေရင် ဘယ်တော့မှအဆင်ပြေမှာမဟုတ်ဘူး။ သမီး အရာအားလုံးကိုသိချင်နေမဲ့အစား အမှန်တရားကိုပဲ သိအောင်ကြိုးစားပါ။ နောက်ပြီး ဘယ်သူကောင်းကောင်း မကောင်းကောင်းကောင်း မိမိကောင်းအောင်ပဲကြိုးစားပါ။ ကောင်းတဲ့သူနဲ့တွေ့ရတာလဲ ကိုယ့်ကြောင့်၊ မကောင်းတဲ့သူနဲ့တွေ့ရတာလဲကိုယ့်ကြောင့်ပဲ ဒါကြောင့် မိမိကိုယ်ကိုအားကိုးပြီး ဘယ်သူ့ကိုမှမချစ်မမုန်းဘဲမေတ္တာထားနိုင်အောင် ကြိုးစားပါသမီး"ဟု အဖေမဆုံးခင်က ပြောသွားသောစကားများကို ပြန်လည်ကြားယောင်မိသည်။

"တီ.တီ.."

စာမျက်နှာ ၂၅ သို့ ➤

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရက်၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေမိုးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက် ထိ ရက် ၉၀ ဆန် ၂၄ ပြည်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"စက်တင်ဘာလထဲမှာ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက် ၉၀ ဆန်အိတ်ရေ ၇၂၀၀၀ ထိတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရက် ၉၀ ဆန်တွေ အဝယ်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ရက် ၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရက် ၉၀ ဆန်များကို စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ရက် ၉၀ ဆန် တစ်အိတ်လျှင် ၁၁၀၀၀၀ ထိဈေးပေါက်နေပြီး ဆန်များဝယ်ယူမှု ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၉၇၀၀ ရိတ်သိမ်းပြီးစီး

**ရွှေဘို အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၉၇၀၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၉၇၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧက ၉၇၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၄၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်း ဧက ၉၇၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

အိမ်ရှေ့မှကားဟွန်းသံကြောင့် ကိုမျိုးအောင် သူ့ကိုလာခေါ်မှန်း သိလိုက်သည်။ ကိုမျိုးအောင်သည် သူ၏ငယ်သူငယ်ချင်း၊ သူ့အပေါ်လည်း ငယ်စဉ်ကတည်းက ချစ်မြတ်နိုးနေသူဖြစ်သည်။ သူကတော့ အဖေ့စကားအတိုင်း အချစ်အမုန်းတွေနှင့်ကင်းဝေးအောင် နေထိုင်ခဲ့သည်။ ကိုမျိုးအောင်သည် ယခုထိတိုင် သူ့ကိုစောင့်ရင်း လူပျိုကြီးဖြစ်နေသည်။ သူကတော့ ငယ်သူငယ်ချင်းအဆင့်မှတစ်ဆင့်တိုး၍ အကောင်းဆုံး မိတ်ဆွေတစ်ဦးအဖြစ်သာ ရပ်တည်နေထိုင်ခဲ့သည်။

(၅)

အလုပ်ကိစ္စတွေ အညီ့အားလွှဲထားခဲ့ပြီးပြီမို့ သူသက်ပြင်းချလိုက်တော့သည်။ မမကြီးက ညစာ စားဖို့ခေါ်သော်လည်း အဖေနှင့်စကားပြောရမည့် အချိန်မို့ အဖေ့ခုတင်ဆီသို့သာ သွားခဲ့တော့သည်။

အဖေနှင့် ခဏတဖြုတ်လေး ပုံမှန်စကားပြောဖြစ်သော်လည်း ထိုအခိုက်အတန့်လေးသည် သူ့အတွက် အလင်းလက်ဆုံး ဖြစ်ခဲ့ရသည်။ မည်သည့်အရာနှင့်မျှ တိုင်းဆ၍မရနိုင်သော ခွန်အားတွေရရှိခဲ့ရသည်။ မျက်စိနှင့် မမြင်ရသော်လည်း နှလုံးသားနှင့် အသိစိတ်မှာတော့ အဖေ့၏ပုံရိပ်တွေက အထင်းသားပင်။ အဖေ့ကို ပြောချင်တာတွေ ရင်ဖွင့်ပြီးသည်နှင့် အောက်ထပ်သို့ဆင်းရန်အပြုမှာပင် ဝရန်တာတွင် ကြားနေရသော စကားပြောသံများကြောင့် ဝရန်တာဆီသို့ ဦးတည်လိုက်တော့သည်။

ဝရန်တာတွင်မိမွေးကို တွေ့လိုက်ရသည်။ သူလည်း မိမွေးမမြင်အောင်တိုင်အကွယ်ကနေ အကဲခတ်နေလိုက်သည်။

"အဖေ သမီးဒီအိမ်မှာနေရတာအဆင်ပြေတယ်သိလား။ ကြီးကြီးရော အန်တီသင်းရော သဘောတအားကောင်းတယ်။ ရွာကအမေ့ကိုလဲ ငွေပို့ဖြစ်ပါတယ်။ အဖေ့ကို ပြောရအုံးမယ်။ ဒီအိမ်က အန်တီသင်းဆီကနေ သမီးအများကြီးအတုယူစရာတွေ တွေ့ခဲ့တယ်။ အခုအဖေ နဲ့စကားပြောဖြစ်တာလဲ အန်တီသင်းကြောင့်လေ။ နောက်နေ့ညတိုင်း အဖေနဲ့ စကားပြောမယ်သိလား။ အဖေ နဲ့စကားပြောရတာ သမီးတကယ့်ကို အားရှိသွားတယ်။ အခုတော့ သမီးပန်းကန်ဆေးစရာတွေရှိလို့ အလုပ်လုပ်လိုက်အုံးမယ်နော်။ အဖေ့ကို သမီးကန်တော့လိုက်တယ်နော် "

ဓာတ်ပုံလေးကိုကိုင်ပြီး စကားပြောနေသောမိမွေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသော်လည်း သူပြုံးလိုက်မိပါသည်။ မိမွေးသည်လည်း သူ့လိုပင် အလင်းလက်ဆုံးအခိုက်အတန့်တစ်ခုကို ပိုင်ဆိုင်ခွင့်ရသွားပြီဖြစ်မှန်း သူသိလိုက်ပါသည်။ သူ၏ ပါးပြင်ထက်သို့ စီးကျလာသော မျက်ရည်စများသည် ပီတိတွေဖြင့် ပြည့်နှက်နေသည်ဆိုတာကိုတော့ သူအသိဆုံးပင် ဖြစ်ပါတော့သည်။

## ပန်းနှယ်မွှေးလှ လူ့ဘဝ

- လူမှုဝန်းကျင် ပြည်တစ်ခွင်ဝယ်
  အစဉ်တွေးဆ မွှေးလှသည့်ပန်း
  စွဲလမ်းချစ်ခင် မြဲပန်ဆင်သို့
  ရုပ်သွင်အလှ စာရိတ္တနှင့်
  နှစ်ဝရှိနေ လူသားတွေလည်း
  နေရာကျန လှပေစွ။

- လိမ္မာယဉ်ကျေး ဆက်ဆံရေးမှာ
  ဘေးကင်းရန်ကွာ မိတ်သဟာတို့
  တိုးလာပေမည် လုံခြုံသည်မို့
  ကိုယ်စီဘဝ လွန်လှပ၏။

- ခိုက်ရန်ဒေါသ မာန်မာနနှင့်
  ပြင်းပြစိတ်ဓာတ် ရှိနေတတ်သော်
  မြတ်သည့်ပညာ များဥစ္စာတို့
  ကိုယ်မှာချို့တဲ့ အားနွဲ့နွဲ့နှင့်
  တိုးချဲ့မိတ်ဆွေ ရှားမည်လေ။

- ပမာဆိုလျှင်း ပန်းသတင်းသို့
  အဆင်းလည်းလှ ရနံ့လည်းကြွယ်
  နှစ်သက်ဖွယ်မှာ ဝန်းကျင်သာ၏
  များစွာလူပေါင်း စွဲလမ်းကြောင်းသာ
  ကောင်းစွာနှစ်ခြိုက် အဖိုးထိုက်၏။

- လူတို့အရေး ပန်းနှယ်တွေးလျှင်
  မွှေးလည်းမွှေးမြဲ လှလည်းလှသော်
  ဘဝအခြေ စိတ်အနေမှာ
  ငွေကြေးဥစ္စာ မိတ်သဟာတို့
  ပေါကာကြွယ်ဝ လွန်လှပမည်
  ကာယစိတ္တ ချမ်းသာကြ၍
  မွှေးလှပန်းသွင် ရှိစေချင်။
  လူမှုဝန်းကျင် သာမြဲပင်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စာကျက်နည်း၊ ဖြေနည်း

ဇော်လေး

**နိဒါန်း**

ကျောင်းသား၊ ကျောင်းသူတွေဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အနာဂတ်လူသားတွေဖြစ်ကြတဲ့ အတွက် သူတို့ ကလေး၊ သူငယ်၊ လူငယ်လူရွယ် အားလုံးဟာ မိမိတို့ရဲ့အနာဂတ်ဖြစ်ကြောင်း အားလုံး သိပြီးသားပါ။ အမြော်အမြင်ရှိသူများက ကလေးများ၊ လူငယ်များကို မိမိတို့ထက်ဦးစားပေးပြီး ပညာရေး ပိုမိုကောင်းအောင် ပျိုးထောင်မြှင့်တင်ကြရမယ် ဆိုတာ သိကြပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာ လူမျိုးထဲက ပထမပါမောက္ခချုပ် (ထိုစဉ်ကတော့ ကျောင်းအုပ်ကြီးပဲခေါ်ပါတယ်)ဆရာကြီးဦးဖေမောင် တင်က တပည့်များကိုဆရာထက်တော်အောင်၊ ပိုမို မြင့်မားတတ်ကျွမ်းအောင် သင်ကြားလေ့ကျင့်ပေးကြ ရန် မကြာခဏပြောပါရေးပါတယ်။ တိုင်းပြည် တိုးတက်တာကို ထက်ထက်သန်သန်လိုလားကြတဲ့ ဆရာဇော်ဂျီ၊ မင်းသုဝဏ်တို့မှစ၍ ဆရာအောင်သင်း၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာမတင်ဝင်း စသူတို့ကလည်း ဒီအမြင်သဘောထားကို ဆရာ၊ ဆရာမများနှလုံးသွင်းတတ်ကြစေရန် အကြိမ်ကြိမ် ရေးကြ၊ ပြောကြပါတယ်လေ။

တစ်နှစ်တာ စာသင်ကာလမှာ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ လေးလက ပထမ နှစ်ဝက်ပေါ့။ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ လေးလက ဒုတိယနှစ်ဝက်ဆိုကြပါစို့။ မတ်လမှာတော့ စာမေးပွဲဖြေပြီး ကျောင်းပိတ်ကြမယ် မဟုတ်လား။

စာသင်ကာလတစ်ဝက်ကျိုးတဲ့အချိန်မှာ စာမေး ပွဲက ရက်ပေါင်း ၁၂၀ လောက်ပဲလိုပါတော့တယ်။ အတန်းတွေအတွက် ဖြေကြရမှာ ယေဘုယျ ခြောက် ဘာသာရှိတယ်။ ထားပါစို့။ စာကျက်ချိန်ဟာ ပျမ်းမျှ တစ်ဘာသာလျှင် ရက် ၂၀ စီအသီးသီးရသေးတယ် ပေါ့ကွယ်။ တကယ်တော့ ဒီဘာသာကို ရက် ၂၀ တိတိ ပေးမယ်။ ဟိုဘာသာက ဘယ်ရက်မှဘယ်ရက်ထိလို့ ခွဲဝေသတ်မှတ်ချင်လည်းရတယ်။ နေ့စဉ်နေ့တိုင်း ဘာသာစုံဖြစ်စေ၊ နှစ်ဘာသာ သုံးဘာသာဖြစ်စေ ကျက် သွားရင်လည်း ရပါတယ်။

တိုတိုရှင်းရှင်းပြောရရင် မိုးရာသီကုန်ဆုံးသွားပြီး သာယာလှပတဲ့ ဆောင်းရာသီရောက်ပြီဆိုတာနဲ့ ပွင့်လင်းရာသီမို့ ပွဲတွေလမ်းတွေပေါများတဲ့ကြားက ကျောင်းသား၊ ကျောင်းသူတွေအတွက်ကတော့ စာမေးပွဲကို ရင်ဆိုင်ယှဉ်ပြိုင်အနိုင်ယူဖို့ စာကျက်ချိန် ရေးပြီးလေ့ကျင့်ဖြေဆိုချိန် အချိန်ကိုအပြည့်အဝ အသုံးချကာ အရှိန်အဟုန်အမြင့်ဆုံးကြိုးစားကြရ မယ့် အချိန်ပဲပေါ့ကွယ်။

**နည်းနာ**

စာကျက်နည်း၊ စာဖြေနည်းကို သင်ကြား ပြောပြ တဲ့ ဆရာ၊ ဆရာမလည်းရှိတယ်။ သူသင်ခဲ့တာ တစ်နှစ်သာ ကုန်သွားရော သူသင်တဲ့ဘာသာရပ်ရဲ့ အဓိကရည်ရွယ်ချက်က ဘာဆိုတာရယ်၊ ဘယ်လို ကျက်ရမှတ်ရ၊ စိတ်ဝင်စားအပ်တာတွေ အရေးကြီး တယ်ဆိုတာလုံးဝမပြောမပြဖူးတဲ့အပြင် စာမေးပွဲမှာ ဘာတွေမေးတတ်တယ်။ ဘယ်လိုမေးခွန်းကို ဘယ် နည်းဘယ်ပုံဖြေမှအမှတ်ပြည့်ရမယ်ဆိုတာမျိုး တစ်လုံး တစ်လေတောင် ပြောဖော်မရတဲ့ ဆရာ၊ ဆရာမလည်း တွေ့ကောင်းတွေ့ရတတ်တယ်။ ထားပါတော့။

**ကိုယ်တွေ့**

စာရေးသူဟာ သူငယ်တန်းမှ ဘွဲ့ရတဲ့အထိ ၁၆ နှစ်၊ ဘွဲ့လွန်ဒီပလိုမာအတွက် နှစ်နှစ်တက်တော့ ၁၈ နှစ်အပြင် လုပ်ငန်းခွင်သင်တန်းအရာရှိ အဆင့်ဆင့် တာဝန်ကျွမ်းကျင်မှုသင်တန်း ၁၀ မျိုးကို ငါးနှစ် ကျော်ကာလကြာမျှ သင်တန်းသားအဖြစ် ကျောင်း အမျိုးမျိုးကိုတက်ခဲ့ဖူးတာမို့ စာသင်ယူချိန်ပေါင်း ၂၃ နှစ်ကြာခဲ့တယ်။ တက္ကသိုလ်တစ်ခုမှာလည်း နည်းပြ မှူးကြီးတာဝန် ငါးနှစ်တိတိသင်ကြားရေး၊ လေ့ကျင့်ရေး တာဝန်ကိုယူခဲ့ရဖူးတယ်။ ငယ်စဉ်က မိမိပညာသင်ခဲ့ တဲ့ကျောင်းမှာ တက္ကသိုလ်မသွားခင်၊ တက္ကသိုလ် တက်နေစဉ် လုပ်အားပေးဝင်ရောက်သင်ပြတာတွေ ရှိပေမယ့် ထားလိုက်ပါတော့။ အထက်တန်းရှေ့နေ သင်တန်းတစ်နှစ်တက်ပြီး အပိုင်း(က)(ခ)ဖြေခဲ့တယ်။ အောင်ခဲ့ပါတယ်။ ရိုးရိုးအဘိဓမ္မာသင်တန်း တစ်နှစ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာဟန် (ဆုထူးပန် ဆရာဟန်)ထံပါးမှာ သင်ယူဆည်းပူးပြီး အပိုင်း(၃) ပိုင်းကို တစ်နှစ်တည်းဖြေတာအောင်ခဲ့ပါတယ်။

စာသင်သားဘဝ၊ ကျောင်းသား၊ တပည့်ဘဝ အကောင်းဆုံးကြိုးစားခဲ့တဲ့ အတွေ့အကြုံ၊ သင်ကြား ပြသခဲ့တဲ့ ဆရာဘဝအတွေ့အကြုံ အားလုံးပေါင်းရင် နှစ် ၃၀ ကျော်ဖြတ်သန်းခဲ့ပါတယ်။ နည်းနာဟာ အရေးကြီးပါတယ်။

**ဘာတွေဆက်ပြောမလဲ**

၁။ စာကျက်နည်းမှန်မှ ကြိုးစားသမျှထိရောက် မယ်။

၂။ အကြောင်းအကျိုး ဆက်နွှယ်မှုသဘောကို နား လည်အောင်အခေါက်ခေါက်ဖတ်ဖို့လိုတယ်။

၃။ အဓိပ္ပာယ်ခြုံငုံသိထားရုံနဲ့ မပြီးသေး၊ အလွတ် ရအောင်ကျက်မှတ်ရဦးမယ်။ ကျက်နည်း ပြောမယ်။

၄။ အချိန်ခွဲဝေ ကျက်မှတ်တတ်ရမယ်။

၅။ မေးခွန်းဟောင်းတွေကို လေ့လာဖို့ လိုပါတယ်။

၆။ ရေးဖြေလေ့ကျင့်ခန်း အကြိမ်ရေများများ လုပ်လေလေ အမှားအယွင်းနည်းလေလေပဲ။

၇။ စာမေးပွဲမှာ မေးခွန်းရဲ့သဘောသဘာဝ

၈။ ဖြေနည်း

၉။ အမှတ်ကောင်းအောင်ဖြေနည်း

ဆရာနဲ့မိဘအုပ်ထိန်းသူတွေကို မေတ္တာရပ်ခံချင် တာက တပည့်၊ သားသမီးကို စာကြည့်၊ စာကျက် အဲသလို တုံးတိတိမပြောပါနှင့်။ အကျိုးမရှိလှဘူး။ စာကြည့်ချင်အောင် ဖြည့်ဆည်းပါ။ အားပေးပါ။ စာကျက်ချင်အောင် ဆွဲဆောင်ပါ။ အထောက်အကူ ပေးပါ။ ပညာလိုလားကြိုးစားချင်အောင် ချိုချို သာသာဆွေးနွေးပါ။ ငါက ဆရာ၊ ငါကမိဘ၊ ငါပြော တာနားထောင်ဆိုတဲ့လေသံမျိုးက ကောင်းကျိုး မဖြစ်ဘဲ ဘေးချော်ထွက်သွားတတ်လို့ပါ။ သတိပေး မိတာ စေတနာနော်။

**ပညာကိုချစ်ပါ**

မောင်တို့မယ်တို့၊ သားတို့သမီးတို့ ကျောင်းသင် ဘာသာရပ်နဲ့ပတ်သက်လို့ ပြောရရင် ဝါသနာပါပါ မပါပါ။ သင်ခန်းစာကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကျောင်းစာကို ငါကစပြီးချစ်မြတ်နိုးမယ်လို့ သဘော ထားပါ။ ဖြေဆိုရမယ့်ဘာသာရပ်အားလုံးကို ချစ်ချစ် ခင်ခင်နဲ့ ရင်းနှီးကျွမ်းဝင်အောင် အဆက်မပြတ် စိတ်ဝင်တစားထိတွေ့ပါ။

အဲဒါဟာ သားတို့သမီးတို့ဘဝကို မြင့်မားကြီးပွား စေမဲ့ သဘောထားအမြင်(Attitude)အစစ်အမှန်ပဲ။ စာနဲ့ မောင်နဲ့ဝေးနေရင် ဘဝဟာကြမ်းထော် ပုံပျက်သွားပြီး အချိန်လွန်ပြီးမှနောင်တတွေရနေ ရလိမ့်မယ်။

ပညာလိုချင်စိတ်၊ ဆန္ဒ။ ငါလုပ်ရင်ရပါတယ်ဆိုတဲ့ ယုံကြည်စိတ် (သဒ္ဓါ)၊ လုပ်ရင်ဖြစ်တာပေါ့ကွာလို့ ကြိုးစားတဲ့လုံ့လဝီရိယ၊ တကယ်ကြိုးစားကျက်မှတ်၊ ရေးပြီးလေ့ကျင့်လိုက်တော့ ဂုဏ်ထူးတွေရလာရော။

> ❖ မေးခွန်းရဲ့သဘောသဘာဝ ကြိုတင်နားလည်ရမယ်။ မေးခွန်း (၁)နဲ့(၂)က အမှတ်သေးသေးလေးတွေပဲ။ ကျောင်းသားတိုင်း သိလေ့ရှိတဲ့ လွယ်လွယ်ကူကူတွေပဲ။ မေးခွန်း(၃)နဲ့(၄)က နည်းနည်း ပိုရှုပ်ရှုပ်ဖြေရမယ်။ အလွယ်ကြီးမဟုတ်။ အခက်ကြီးလည်း မဟုတ်။ ဒီလေးပုဒ်သေသေချာချာဖြေနိုင်ရင် အမှတ် ၄၀၊ ၅၀၊ ၆၀ ရနိုင်ပြီ။ မေးခွန်း(၅)နဲ့(၆)က မင်းဘယ်လောက်ကြိုးစားခဲ့သလဲ။ မင်းဘယ်လောက်တော်သလဲ ပညာစမ်းတဲ့မေးခွန်းကြီးမျိုးဆိုရမယ်။ စာ တစ်စောင်ရေးပါ။ စာစီစာကုံးရေးပါဆိုတာမျိုးက ကောင်းကောင်း ဖြေပြလိုက်ရင် ဂုဏ်ထူးထွက်စေတဲ့ မေးခွန်းတွေပေါ့။ ❖

ဟော လက်ငင်းအကျိုးရတော့တာပဲနော်။ ဆန္ဒရယ် စိတ်ထက်သန်မှုစိတ္တရယ်၊ ဝီရိယရယ်၊ ဝီမံသာဆိုတဲ့ သိမြင်မှု(ပညာ)ရယ် ဒီလေးခုက အဓိပတိခွန်အား လေးပါးပဲလေ။ အဓိပတိပစ္စယောဆိုတဲ့ ပဋ္ဌာန်း ၂၄ ပစ္စည်းထဲက တရား၊ မင်းဟာ အောင်မြင်မှာသေချာ တာပေါ့။

စိတ်ဝင်တစားနဲ့ အခေါက်ခေါက်အခါခါထပ်ပြီး အသံထွက်ဖတ်ကြည့်လိုက်တဲ့အခါ အကျိုးအကြောင်း ဆက်နွှယ်ပုံတွေ ပိုမြင်မြင်လာပြီ။ မှတ်မိလာပြီ။ ဒါကို အလွတ်ရအောင်ကျက်နည်းကတော့ တော၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဆိုတဲ့ဇာတ်ကြီးဆယ်ဘွဲ့ အတိုကောက်တေမိဇာတ်တော်မှ ဝေဿန္တရာအထိ ကျက်မှတ်နည်းပါပဲ။

**အတိုကောက်**

သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး၊ ဉာ်ရှစ်လုံး ကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့ဆိုတာ ပါဠိ စကားလုံးထိပ်စီး ရှစ်ခုကို ယူထားတာပဲလေ။ သု၊ ကြားနာခြင်း=သုဏေယျ၊ စိ=စိန္တေယျ-ကြံစည် စဉ်းစားခြင်း၊ ပု=ပုစ္ဆေယျ-မေးမြန်းခြင်း စသဖြင့် မောင်တို့သိပြီးသားပါလေ။

သက်တံမှာပါတဲ့ အရောင် ခုနစ်ခုဆို "ခရမ်း၊ မဲပြာ၊ ပြာ၊ စိမ်း၊ ဝါ၊ လိမ္မော်၊ နီ"ဆိုတာ ရအောင် ကျက်ထားရမှာပဲ။ အလွတ်ရအောင်အခါခါရေးချပြီး ကျက်ပါ။ စာမေးပွဲမှာ အလွတ်ရေးရမှာလေ။

ဘာသာရပ်တစ်ခုမှာ သင်ခန်းစာ အခု(၂၀)ပါရင် တစ်နေ့တစ်ပုဒ် မရမနေကျက်သွားမယ် စသဖြင့် အချိန်ဇယားခွဲတမ်းမှတ်တမ်းချပြီး အော်ကျက်၊ ရေးမှတ်၊ ရေးကျင့်။ အော်ကျက်တာဘာများထူးမှာ လဲ။ နှစ်ဆရစေတယ်။ နှစ်ထပ်မှတ်မိတယ်။ ပါးစပ် က အသံထွက်တာရယ်။ နားကကြားရလို့ရယ် အာရုံ ခံအင်္ဂါ နှစ်ခုက မှတ်သားခဲ့လို့ ပွစိပွစိနဲ့ အသံမထွက် ဘဲ စာကျက်တဲ့သူထက် အပြတ်အသတ်သာစေတယ် မှတ်။ ရေးဖြေတာလေ့ကျင့်ပါ။ လက်ရေးလှလာမယ်။ လက်ရေးမြန်လာမယ်။ အတွေးနောက်လက်က သွက်သွက်လက်လက်ပါလာလို့ အများကြီးထိရောက် စေတယ်။ စာမေးပွဲက အချိန်အတိအကျပေးတာမို့ စဉ်းစားတာလည်း မနှေးရဘူး၊ လက်ကရေးတာ လည်း မနှေးကွေးရဘူး။ အမှတ်များချင်ရင် များများ ရွတ်ဆိုရင်း များများရေးပြီး လေ့ကျင့်ရမှာပဲ။ စာရေး သူဟာ ဒီနည်းနဲ့အတန်းတိုင်းမှာ ထိပ်ဆုံး ငါးဦးထဲ အမြဲပါခဲ့တယ်။

ကိုယ့်ကိုယ်တွေ့နည်းတွေပေးနေတာပါ။

**မေးခွန်းရဲ့သဘာဝ**

မေးခွန်းရဲ့သဘောသဘာဝ ကြိုတင်နားလည်ရ မယ်။ မေးခွန်း(၁)နဲ့ (၂)က အမှတ်သေးသေးလေး တွေပဲ။ ကျောင်းသားတိုင်း သိလေ့ရှိတဲ့ လွယ်လွယ် ကူကူတွေပဲ။ မေးခွန်း(၃)နဲ့ (၄)က နည်းနည်းပိုရှုပ် ရှုပ်ဖြေရမယ်။ အလွယ်ကြီးမဟုတ်။ အခက်ကြီးလည်း မဟုတ်။ ဒီလေးပုဒ် သေသေချာချာဖြေနိုင်ရင် အမှတ် ၄၀၊ ၅၀၊ ၆၀ ရနိုင်ပြီ။ မေးခွန်း(၅)နဲ့(၆)က မင်းဘယ် လောက်ကြိုးစားခဲ့သလဲ။ မင်းဘယ်လောက်တော် သလဲ ပညာစမ်းတဲ့မေးခွန်းကြီးမျိုးဆိုရမယ်။ စာ တစ်စောင်ရေးပါ။ စာစီစာကုံးရေးပါဆိုတာမျိုးက ကောင်းကောင်းဖြေပြလိုက်ရင် ဂုဏ်ထူးထွက်စေတဲ့ မေးခွန်းတွေပေါ့။

သေချာတာ အရင်ဖြေ၊ စစ်သူက အမှတ်ပေးချင် စိတ်ပေါ်အောင် သပ်သပ်ရပ်ရပ်နဲ့ဖျက်ရာခြစ်ရာမပါ ဘဲ ဖြေနိုင်ပါစေ။ မင်းရုပ်လှ၊ မလှ သူမမြင်ရဘူး။ မင်းရဲ့လက်ရေး ရှင်း၊ မရှင်း၊ လှ၊ မလှ၊ မင်းတွေးပုံ ခေါ်ပုံ၊ တင်ပြပုံ၊ လက်ရေးလက်သား၊ စကားလုံး၊ ဝါကျ၊ အသုံးအနှုန်း၊ စာကြောင်းတွေ ညီမညီ၊ ဖြောင့် မဖြောင့် မင်းရဲ့ကိုယ်ရည်ကိုယ်သွေးကို ခန့်မှန်း အကဲခတ်ဖို့ရာ မင်းရေးထားတဲ့ ဖြေလွှာကို ကြည့်တာမို့ စနစ်တကျ လေးလေးစားစား ဖြေပါကွယ်။

စိတ်ပါလက်ပါ၊ စိတ်အေးချမ်းသာဖြေဆိုပါ။ ဒီဖြေလွှာစာရွက်က မင်းဘဝကိုမြင့်စေနိုင်ပါတယ်။ တစ်နှစ်လုံးကြိုးစားခဲ့တာရဲ့ ဖော်ပြချက်ပဲလေ။

ဖြေဖို့ခွင့်ပြုချိန် သုံးနာရီပေးထားလေ့ရှိပါတယ်။ တစ်နာရီတစ်ခါလောက် နာရီကိုကြည့်၊ သိပ်မနှေး စေနဲ့။ သိပ်လောလောမြန်မြန်လည်းဖြစ်ဖို့မလိုပါဘူး။ မေးခွန်းအားလုံးဖြေရမယ်ဆိုတဲ့ အမှတ်စဉ်တွေ မကျန်မိစေဘဲ အပြည့်အဝဖြေရမယ်နော်။ မလျှမ်း စေနဲ့၊ မကျန်စေနဲ့။ တတ်နိုင်သမျှ ပေးထားချိန် မိနစ် ၂၀ သို့မဟုတ် နာရီဝက်ကျန်ပါစေ။ ဘာလုပ်ဖို့လဲ။ ဖြေလွှာစာမျက်နှာအားလုံးကို တစ်ကြောင်းချင်း လက်ထောက်ဖတ်။ ပြန်စစ်ဖို့ပဲ။

ဂုဏ်ထူးရသူမှန်သမျှ ဖြေလွှာကိုပြန်စစ်ပြီး မျက်နှာသစ်၊ မိတ်ကပ်လိမ်း၊ လှသထက်လှအောင် သေသေချာချာပြင်နိုင်ခဲ့လို့ သူတကာထက် သာလွန်နေကာ "ဂုဏ်ထူး"ဆွတ်ခူးတာကွဲ့။ ပြန်လှန်စစ်ဆေးဖို့ရာ အချိန်လေးချန်ပြီး စစ်ဆေး ပြုပြင်၊ အမှားကင်းစင်ဖို့ စနစ်တကျလက်စသတ် တတ်ပါစေ။

**နိဂုံး**

စစ်ဆေးသူက ဂဂျီဂဂျောင်သမားလား။ ဇီဇာ ကြောင်တဲ့သဘောထားရှိသူလား။ အမှတ်ပေး ကပ် စေးနှဲတဲ့ ဆရာမလား။ သူ ဘယ်လိုစိတ်နေသဘော ထားအခံရှိနေနေ မင်းဖြေလွှာလေးစစ်ရတာ စိတ် ချမ်းသာကြည်လင်ပျော်ရွှင်သွားတာပဲ၊ ကောင်းလိုက် တဲ့ဖြေလွှာဆိုတဲ့ အခြေအနေရောက်သွားအောင် မောင်တို့မယ်တို့ ယနေ့မှစ၍ အားသွန်ခွန်စိုက် ကြိုးစားလိုက်ပါလားကွယ်။ စာရေးသူက ဒီဆောင်းပါး လေးကိုရေးရကျိုး ဒါမှနပ်ပေမယ်လေ။ ဟုတ်ပြီလား။

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ကြူက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်က တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် ၂၀၀ မှ ၄၀၀ ထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ကြက်သွန်နီ ပိဿာချိန် ၅၀၀ မှ ၇၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့ သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ တခြားဒေသတွေကနေ ဧရာဝတီတိုင်းဘက်ကို ကြက်သွန်နီတင်ပို့တာလဲ နည်းပါတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလဲ သင့်တင့်တယ်လို့ ပြောရမယ်။ လက်ရှိပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိ တစ်ရက်တာ ပိဿာချိန် ၁၅၀ နဲ့အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူက ပြောပြသည်။

မအူပင်မြို့နယ်တွင် လက်ရှိ ကြက်သွန်နီ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ကြူထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွား၊ တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွား၊ တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွား၊ တိရစ္ဆာန် အစာပင် ၇၉၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ကေပြည့်မီရေးအတွက် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွဲ၊ နွား၊ တိရစ္ဆာန် အစာပင် ၇၉၀၈ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ အဓိက စိုက်ပျိုးသွားမှာကတော့ နှံစားပြောင်း၊ နေဗီယာမြက်နဲ့ ပဲသီးနှံတွေ ဖြစ်ပါတယ်။ ကျွဲ၊ နွား၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး လျာထားကေပြည့်မီအောင် မျိုးစေ့များဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါ မကျရောက်စေဖို့ကြိုတင်ကာကွယ်ရမဲ့ နည်းပညာတွေ အသိပညာပေးခြင်းစတဲ့ တောင်သူပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများသည် ကျွဲ၊ နွား၊ တိရစ္ဆာန်အစာဖူလုံစေရန်အတွက် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိရှိ အသုံးချပြီး နှံစားပြောင်း၊ ပဲမျိုးစုံသီးနှံ ၊ နေဗီယာနှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ရမည်းသင်း အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးသွားမည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက သိမ်ကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွှန့်**

# ဥတ္တရသီရိမြို့နယ် ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောင်းစုကျေးရွာ၌ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများ၊ ရေကျော် တည်ဆောက်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ကျောင်းစုကျေးရွာ၌ လမ်းအရှည် ပေ ၆၃၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မ ရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းနှင့် ရိစာခင်းခြင်း လုပ်ငန်း၊ အရှည် ပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ရှိ ရေကျော်တည်ဆောက်ခြင်း လုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ကိုးပေ၊ အမြင့် ၆ ပေ ၉ လက်မရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် ပေ ၂၀ ၊ အကျယ် ၅ ပေ ၃ လက်မ၊ အမြင့် ၅ ပေ ၉ လက်မ Slab Cul-vert လေးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေ ကျပ် ၁၄၆ ဒသမ ၂၇၃ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများမှ တာဝန်ယူ၍ ဩဂုတ်လ ၆ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# စလင်းမြို့နယ် ကိုးလံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကိုးလံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကောဒသမ အကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကိုးလံကျေးရွာ၌ ကောဒသမ အကြိမ်ထုတ်ချေးမည့် ရန်ပုံငွေ ကျပ် ၅၈ ဒသမ ၅သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကိုးလံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့သည် မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

# သက်တမ်းစေ့နေထိုင်နိုင်ရေး သက်ကြီးကျန်းမာရေး

**ပေါက်ပေါက်**

အသက်အရွယ်ကြီးသူတို့တွင် အများဆုံးကြုံတွေ့ရသော ကျန်းမာရေးပြဿနာများမှာ အဆစ်အမျက်ရောင်ရောဂါ၊ အရိုးပွရောဂါ၊ တုပ်ကွေးအပါအဝင် အဆုတ်ပွရောဂါများ၊ အိပ်မပျော်ခြင်း၊ ချော်လဲခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း၊ နှလုံးရောဂါ၊ အသက်ရှုလမ်းကြောင်းရောဂါ၊ ဆီးချိုရောဂါ၊ကင်ဆာရောဂါများ၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အဝလွန်ခြင်း၊ အထီးကျန်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်ကြသည်။

**အာဟာရပြည့်ဝစွာ စားသောက်နည်း**

လူတို့သည် အသက်ကြီးလာသည်နှင့်အမျှ ငယ်စဉ်ကလို အစားမစားနိုင်တော့ပေ။ ထို့ကြောင့် စားသမျှအစားအစာအားလုံးသည် အာဟာရပြည့်ဝရန်အရေးကြီးသည်။ နည်းနည်းချင်းစီ မကြာခဏ စားပေးသင့်သည်။ ကွေကာအုပ်၊ နို့ဆန်ပြုတ်၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တို့ကို အဓိကထား စားသုံးပေးသင့်သည်။ နံနက်ခင်းပုံမှန်သောက်နေကျ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်နေရာမှာ နို့တစ်ခွက်ဖြင့် အစားထိုးပါ။ အသားဓာတ်ပြည့်ဝအောင် စားပေးသင့်သည်။ ကယ်လ်စီယမ်ဓာတ် မချို့တဲ့အောင် ဂရုစိုက်ပါ။ ဗီတာမင် B12 ဖြည့်စွက်သောက်သုံးပေးသင့်သည်။ ဗီတာမင်ဒီ ပြည့်ဝသော အစားအစာများ၊သံဓာတ်ကြွယ်ဝသော အစားအစာများ စားသုံးပေးသင့်သည်။ အချို၊ အငန်လျှော့စားခြင်း၊ ညအိပ်ယာဝင်ခါနီး ဗိုက်ဆာပါက နို့တစ်ခွက်သောက်ပါ။ အချိုဓာတ်ပါဝင်မှုမြင့်မားသောအစားအစာများ တာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာများ၊ အသင့်စားအစားအသောက်များ၊ ဆီကြော်အစားအစာများကို တတ်နိုင်သလောက် ရှောင်ကြဉ်သင့်သည်။

**ဘိုးဘွားတို့အတွက် လိုအပ်သောဗီတာမင်များ**

(က) အရိုးသန်မာစေပြီး အရိုးပွရောဂါမှ ကြိုတင်ကာကွယ်ရန် ကယ်လ်စီယမ်ဓာတ် လိုအပ်သည်။
(ခ) အရိုးကျိုးခြင်းမှ ကြိုတင်ကာကွယ်ရန် ဗီတာမင်ဒီ လိုအပ်သည်။
(ဂ) သွေးဆဲလ်နှင့် အာရုံကြောဆဲလ်များကို အထောက်အကူပြုနိုင်ရန် ဗီတာမင် B12 လိုအပ်သည်။
(ဃ) သွေးအားနည်းခြင်းမှကာကွယ်ရန် ဖောလစ်အက်စစ် လိုအပ်သည်။
(င) ဇီဝဖြစ်စဉ်နှင့် ကိုယ်ခံအားစနစ်ကိုအထောက်အကူပြုရန် ဗီတာမင် B6 လိုအပ်သည်။
(စ) ကိုယ်ခံအားကောင်းစေပြီး အနာကျက်မြန်စေရန်နှင့် မျက်စိအတွင်းတိမ်ရောဂါမှ ကြိုတင်ကာကွယ်ရန် ဗီတာမင်စီ လိုအပ်သည်။
(ဆ) သွေးဖိအားနှင့် သွေးတွင်းသကြားဓာတ်ကို ပုံမှန်ထိန်းသိမ်းပေးနိုင်ရန် မဂ္ဂနီစီယမ်ဓာတ် လိုအပ်သည်။
(ဇ) နှလုံးနှင့် နှလုံးသွေးကြောများ ကျန်းမာကြံ့ခိုင်စေရန် အိုမီဂါ-၃ လိုအပ်သည်။

**ဘိုးဘွားတို့ ရေဓာတ်မခမ်းခြောက်စေဖို့**

အသက်ကြီးလာချိန်တွင် ခန္ဓာကိုယ်၏ အပူချိန်အပြောင်းအလဲကို ထိန်းညှိရန် ရေကိုယခင်ထက်ပိုသောက်ပေးရန်လိုသည်။ ရေဓာတ်နည်းသောအခါ ကြွက်သားနာကျင်ခြင်း၊ နွမ်းနယ်ခြင်း၊ အပူလျှပ်ခြင်းများခံစားရနိုင်သည်။ ထို့ကြောင့် ရေဓာတ်ပြည့်ဝအောင် ဂရုစိုက်သင့်သည်။ အသက်အရွယ်ကြီးသူများသည် ရေဓာတ်ခန်းခြောက်ခြင်းကို ခံနိုင်ရည်နည်းပါးသည်။ ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေသော အကြောင်းများမှာ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ အဖျားရောဂါရှိခြင်း၊ ချွေးထွက်များခြင်း၊ ဆီးသွားများခြင်းတို့ဖြစ်သည်။ ထို့ပြင် အသက်အရွယ်ရလာချိန်မှာ အပူချိန်ကြောင့်ဖြစ်သော ဆိုးကျိုးများကို ကာကွယ်ရန်နှင့် လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်သောက်သုံးမှုများကို လျှော့ချရန်အတွက် ရေမဆာသော်လည်း အချိန်နှင့်သတိထားပြီး ရေသောက်ပေးသောအလေ့အကျင့်ကိုမွေးမြူသင့်သည်။ ရေသောက်မမေ့စေရန်အတွက် မိမိလက်တစ်ကမ်းမှာ သောက်ရေတစ်ဖန်ခွက် တင်ထားပါ။

**သက်ကြီးတို့အတွက် အင်တီအောက်ဆီးဒင့်**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း ခေါ် အင်တီအောက်ဆီးဒင့်ပမာဏတိုးမြင့်လာလျှင် လူကြီးများ စိတ်



ရှုးသွပ်မှုခံစားရနိုင်ခြေ လျော့နည်းမည်ဖြစ်ကြောင်း မေရီလန်းတက္ကသိုလ်မှသုတေသီအဖွဲ့တစ်ဖွဲ့က ဖော်ထုတ်တွေ့ရှိခဲ့သည်။ အသက် ၄၅ နှစ်အထက် လူကြီးဦးရေစုစုပေါင်း ၇၀၀၀ ကျော်တို့ကို ၁၅ နှစ်ကျော်မျှ စောင့်ကြည့်လေ့လာပြီးနောက် ဓာတ်တိုးဆန့်ကျင်ပစ္စည်း၏ အစွမ်းအာနိသင်ကို ယခုကဲ့သို့ ဖော်ထုတ်ခဲ့ကြခြင်းဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။ အချို့လူတို့သည် အသက် ၅၀ နှင့် ၆၀ ကျော်လာလျှင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ရှုးသွပ်ဝေဒနာခံစားရလေ့ရှိကြောင်း၊ ထိုအခါ သွေးတွင်းရှိဓာတ်တိုးဆန့်ကျင်ပစ္စည်းက လူကြီးများ ခံစားရလေ့ရှိသော ထိုစိတ်ရှုးသွပ်မှုဝေဒနာကို အနည်းနှင့်အများ လျှော့ချပေးနိုင်ကြောင်း၊ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပမာဏတိုးမြင့်လာစေရန် အစိမ်းရောင် ဟင်းသီးဟင်းရွက်များဖြစ်သော ကိုက်လန်၊ ဆလတ်၊ မုန်ညင်း၊ ဟင်းနုနယ်တို့ကိုသာမက ပန်းမုန်လာစိမ်း၊ ပဲမျိုးစုံ၊ လိမ္မော်သီး၊ သရက်သီး၊ သဘော်သီး၊ သစ်တော်သီး စသောဓာတ်စာအမျိုးမျိုးတို့ကို စားသုံးပေးရမည်ဖြစ်သည်။

**သက်ကြီးပိုင်းနှင့်သွေးတိုးရောဂါ**

ကျား၊ မ သက်ကြီးပိုင်းတွင် အဖြစ်များဆုံးရောဂါမှာ သွေးတိုးရောဂါဖြစ်သည်။ ထိုရောဂါလျော့ပါးစေရန်အတွက် သက်ကြီးရွယ်မတိုင်ခင်ကပင် အနေအထိုင်၊ အစားအသောက် အစဉ်ဂရုစိုက်ရန်လိုသည်။ အစားအသောက်ထဲတွင် အငန်၊ အဆီ၊ အဆိမ့်၊ အချိုကို လျှော့စားပါ။ အသက်အရွယ်တိုင်းမှာ ကိုယ်အလေးချိန်ကို ပုံမှန်ရှိသင့်သည့်အနေအထားမျိုးဖြစ်အောင် ထိန်းသိမ်းပြီး အဝလွန်နေပါက ဝိတ်လျှော့ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ အကောင်းမြင်စိတ်မွေးမြူ၍ တရားထိုင်ခြင်းများပြုလုပ်၍ အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်သင့်သည်။ ယောဂကျင့်ခြင်းပြုလုပ်ပေးသင့်သည်။ သွေးပေါင်ချိန် ပုံမှန်တိုင်းတာသင့်သည်။ ရုတ်တရက် သွေးဆောင့်တက်ခြင်းမျိုးဖြစ်မလာအောင် ဆရာဝန်ညွှန်ကြားထားသည့် သွေးပေါင်ထိန်းဆေး အမြဲမှီဝဲရမည်ဖြစ်သည်။

**ဘိုးဘွားများအိပ်စက်ခြင်းပြဿနာ**

ဘိုးဘွားတို့တွင် အိပ်စက်ခြင်းပြဿနာရှိနေကြောင်းကို ဖော်ပြနေသော လက္ခဏာအမျိုးမျိုးရှိပါသည်။ ၎င်းတို့မှာ ပင်ပန်းနေသော်လည်း အိပ်ပျော်ရန် ခက်ခဲခြင်း၊ တစ်ရေးနိုးပြီးနောက် ပြန်အိပ်ရန် ခက်ခဲခြင်း၊ အိပ်ရာနိုးချိန်တွင် လန်းလန်းဆန်းဆန်း မရှိခြင်း၊ နေ့ခင်းတွင် ထိုင်းမှိုင်းခြင်း သို့မဟုတ် အိပ်ငိုက်ခြင်း၊ ထိုင်နေစဉ် သို့မဟုတ် တီဗီကြည့်စဉ် သို့မဟုတ် မော်တော်ယာဉ်စီးနေစဉ် အိပ်ငိုက်ခြင်း၊ နေ့ဘက်တွင် အာရုံစူးစိုက်မှုခက်ခဲခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ နေ့လယ်စာ စားပြီးနောက် များမကြာမီ အလွန်အမင်းငိုက်မျဉ်းလာခြင်း၊ အိပ်ပျော်စေရန် အိပ်ဆေး သို့မဟုတ် အရက်တို့ကို ပုံမှန်သောက်ရခြင်း တို့ဖြစ်သည်။ နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် မှတ်ဉာဏ်ပျက်သုဉ်းခြင်း၊ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ရင်သားကင်ဆာတို့ဖြစ်စေနိုင်သည်။

**အသက်အရွယ်ကြောင့် ဒူးနာခြင်း**

ဒူးသည် ခန္ဓာကိုယ်ကြီးတစ်ခုလုံး၏ အလေးချိန်ကို ထမ်းထားရသလို ဘဝတစ်သက်တာလုံး လှုပ်ရှားနေရသည့်အတွက် အသက်အရွယ် ကြီးရင့်လာချိန်တွင် မကြာခဏနာကျင်လာတတ်သည်။ သက်ကြီးဒူးနာရောဂါကို သက်သာစေရန်အတွက် ရောင်ရမ်းမှုကိုဖြေလျော့စေသောအစားအစာများ ဖြစ်ကြသည့် ဟင်းသီးဟင်းရွက်၊ ငါး၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ နနွင်း၊ ချင်း(ဂျင်း)စားပါ။ နေ့စဉ် သန့်ရှင်းသောရေ ရှစ်ဖန်ခွက်ထက်မနည်း သောက်ပါ။ အရိုးအဆစ်အတွက် ဖြည့်စွက်အာဟာရများ စားသောက်သင့်သည်။ ကိုယ်အလေးချိန် လျှော့ချပါ။ ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းလုပ်ပါ။ အထိုင်လျှော့ပြီးလမ်းပိုလျှောက်ပေးပါ။ မိမိခြေထောက်နှင့် အဆင်ပြေမည့် ဖိနပ်စီးပါ။ အိမ်ထဲတွင် ဖိနပ်မပါဘဲ လမ်းလျှောက်ခြင်းက ဒူးကို ဖိအားလျော့နည်းစေသည်။

**မှတ်ဉာဏ်ချို့ယွင်းခြင်း၊ သူငယ်ပြန်ခြင်း**

မှတ်ဉာဏ်ချို့ယွင်းခြင်းရောဂါ၊ သူငယ်ပြန်ရောဂါဆိုသည်မှာ ဦးနှောက်ရှုံ့ခြင်း၊ ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းတို့ကြောင့် တဖြည်းဖြည်းဆိုးရွားလာသော အာရုံကြောရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် လူပေါင်းသန်း ၅၀ ခန့် သူငယ်ပြန်ရောဂါခံစားနေရပြီး ဝေဒနာသည်အများစုမှာ အသက် ၇၅ နှစ် ကျော်အရွယ်များဖြစ်ကြသည်။ ၎င်းရောဂါ၏ ဦးဆုံးလက္ခဏာမှာ လတ်တလော မှတ်ဉာဏ်ပျက်ယွင်းခြင်းဖြစ်ပြီး မကြာသေးခင်က ပြောသောစကားကို မေ့သွားခြင်း သို့မဟုတ် လတ်တလောအဖြစ်အပျက် တစ်ခုခုကိုမေ့သွားခြင်း၊ ဈေးဝယ်စဉ် ပြန်အမ်းငွေ မတွက်နိုင်ခြင်း၊ မိမိပြောလိုသောစကားကို သေချာမပြောနိုင်ခြင်း သို့မဟုတ် စကားလုံးမရွေးချယ်နိုင်ခြင်း၊ အချိန်နှင့်နေရာအမှတ်မှားခြင်း၊ စိတ်အနေအထားပြောင်းလဲခြင်းတို့ကို စတင်ဖြစ်ပေါ်ခံစားရသည်။ အလွန်ဆိုးရွားလာသော အခြေအနေတွင် ထမင်းစားပြီး၊ မပြီး မမှတ်မိတော့ခြင်း၊ မိမိနာမည်ကိုမေ့ခြင်း၊ အတူနေမိသားစုဝင်များကို မမှတ်မိခြင်း၊ အိမ်ပျောက် လမ်းပျောက်ခြင်း၊ ပြောပြီးသား အကြောင်းအရာတစ်ခုကို အထပ်ထပ်အခါခါ ပြောဆိုနေခြင်း စသည့်မှတ်ဉာဏ်များပျောက်ဆုံးသွားပြီး နိစ္စဓူဝကိစ္စရပ်များဆောင်ရွက်ရန်အတွက် အခက်အခဲရှိလာနိုင်သည်။ ရောဂါအစပိုင်းမှာ ဆေးကုသမှုခံယူနိုင်ပါက ရောဂါဆိုးရွားမှုကို နှေးကွေးစေပြီး ရောဂါလက္ခဏာများလည်း သက်သာစေသည်။ သို့သော် ထိုရောဂါကိုပျောက်ကင်းအောင် ကုသနိုင်သောဆေးဝါးမပေါ်သေးပါ။

**သွေးလည်ပတ်မှု အထူးသတိပြု**

ဘိုးဘွားအများစုတွင် ခြေသလုံးသွေးကြောထုံးဝေဒနာကိုခံစားရလေ့ရှိသည်။ ခြေသလုံးသည် လူ့ခန္ဓာကိုယ်အတွက် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် အသက်အရွယ်ရလာချိန်တွင် သွေးလည်ပတ်မှုကောင်းမွန်စေရန် အိပ်ရာထဲ အမြဲလှဲနေခြင်းမပြုပါနှင့်။ လမ်းလျှောက်ပါ။ သစ်ပင်စိုက်ပါ သို့မဟုတ် လှုပ်ရှားတက်ကြွစွာနေပါ။ တီဗီကြည့်နေချိန် သို့မဟုတ် ထိုင်နေစဉ်မှာပင် ခြေထောက်ကို အကွေးအဆန့် လေ့ကျင့်ခန်းလုပ်ပါ။ အသီးအရွက်များများစားပါ။ ခြေထောက်ကို ဆား၊ ရေနွေးစိမ်ပါ။ လှဲအိပ်ချိန်တွင် ခြေထောက်အောက်တွင် ခေါင်းအုံး သို့မဟုတ် စောင်ပါးပါးခုခံထားပါ။

အချုပ်ဆိုရသော် သက်ကြီးကျန်းမာရေးဟုဆိုရာ၌ ခန္ဓာကိုယ်ကျန်းမာရေးသာမက စိတ်ချမ်းသာပျော်ရွှင်ရေးလည်း ပါဝင်သည်။ ထို့ကြောင့် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစေဖို့အတွက် စိတ်ရောကိုယ်ပါ တက်ကြွစွာနေထိုင်၍ မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ်မပြတ် ရင်းနှီးချစ်ခင်စွာနေထိုင်၍ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ စားသောက်ခြင်း၊ အာဟာရစုံလင်စွာစားခြင်း၊ အနှိပ်ခံခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ ဆရာဝန်ညွှန်ကြားချက်အတိုင်း ပုံမှန်ဆေးသောက်ခြင်းဖြင့် ကျန်းမာရေးကို လျစ်လျူမရှုဘဲ သက်ကြီးအရွယ်များ သက်တမ်းစေ့ နေထိုင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အာတိတ်သမုဒ္ဒရာမှရေခဲပြင်များအရည်ပျော်ခြင်းက ကမ္ဘာ့သမုဒ္ဒရာများလည်ပတ်မှုကို ထိခိုက်စေနိုင်ကြောင်း သိပ္ပံပညာရှင်များသတိပေးထား



**လန်ဒန် အောက်တိုဘာ ၂၈**

အာတိတ်သမုဒ္ဒရာမှ ရေခဲပြင်များ အရည်ပျော်ခြင်းသည် ကမ္ဘာ့သမုဒ္ဒရာများ လည်ပတ်မှုကို ထိခိုက်စေနိုင်ကြောင်း သိပ္ပံပညာရှင်များ သတိပေးထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ပူနွေးလာသောရာသီဥတုသည် ဝင်ရိုးစွန်းဒေသများရှိ သမုဒ္ဒရာလည်ပတ်မှုပုံစံများကို သိသိသာသာ အနှောင့်အယှက်ဖြစ်စေကြောင်း၊ အာတိတ်သမုဒ္ဒရာမှ ရေခဲများ အရည်ပျော်ပြီးရေချိုများ ပင်လယ်ထဲသို့ ဝင်ရောက်လာခြင်းကြောင့် ပင်လယ်ပြင်မျက်နှာပြင် မြင့်တက်လာသကဲ့သို့ ဥရောပမြောက်ပိုင်းတစ်လျှောက်တွင် အပူချိန်များကျဆင်းသွားကာ ဝင်ရိုးစွန်းဒေသများ ပိုမိုပူနွေးလာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

"အာတိတ်က ရေခဲတွေအရည်ပျော်လာတာကြောင့် ကမ္ဘာကြီးရဲ့ ရာသီဥတု ဟန်ချက်ညီမှု၊ အပူချိန်နဲ့ ရေခဲဖုံးလွှမ်းမှု စတဲ့ဂေဟစနစ်တွေကို ကမောက်ကမဖြစ်စေမှာဖြစ်ပါတယ်"ဟု ဝင်ရိုးစွန်းသုတေသန ဗဟိုဌာနချုပ်မှ တာဝန်ရှိသူ မိုဟာမက်အိထ်က သတိပေးပြောကြားခဲ့သည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို မထိန်းချုပ်ပါက ၂၀၅၀ ပြည့်နှစ်တွင် အာတိတ်သမုဒ္ဒရာသည် ရေခဲကင်းစင်သောနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ဂရင်းလန်းနှင့် နော်ဝေနိုင်ငံကြားတွင်တည်ရှိသော ပင်လယ်များသည် သမုဒ္ဒရာအပူသယ်ယူပို့ဆောင်ရေးအတွက် အဓိကကျသောနေရာဖြစ်ပြီး ပူနွေးလာသောရာသီဥတုက ရေခဲများအရည်ပျော်မှုကို အားပေးနေသကဲ့သို့ဖြစ်လာကြောင်း ရာသီဥတုသိပ္ပံပညာရှင်များက သတိပေးခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် ဇီဝလောင်စာစွမ်းအင် ထုတ်လုပ်ရန် သစ်တောများခုတ်ထွင်မှုများပြားလာပြီး သစ်တောပြုန်းတီးမှုများဖြစ်ပေါ်

**ဂျကာတာ အောက်တိုဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် ဇီဝလောင်စာစွမ်းအင် ထုတ်လုပ်ရန် သစ်တောများ ခုတ်ထွင်မှုများပြားလာပြီး သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ သန့်စင်သောစွမ်းအင်ပုံစံအသွင်ကူးပြောင်းရေးအတွက် အရေးပါသော သစ်သားအခြေခံ ဇီဝလောင်စာ ထုတ်လုပ်ရေးအတွက် လိုအပ်သောသစ်ပင်များကို ခုတ်ထွင်နေကြောင်း၊ သစ်ပင်များကို အခြေခံထုတ်လုပ်ထားသည့်ဇီဝလောင်စာများကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ အဓိကထားတင်ပို့ရောင်းချနေကြောင်း သိရသည်။

၂၀၂၁ ခုနှစ်မှစတင်၍ ဇီဝလောင်စာထုတ်လုပ်ခြင်းအတွက် အင်ဒိုနီးရှားနိုင်ငံ တစ်ဝန်း သစ်တောများစွာကို ခုတ်ထွင်ပြီး ထုတ်လုပ်ရရှိသည့် ဇီဝလောင်စာများကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာရရှိခဲ့သည့်အပြင် ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဇီဝလောင်စာအတွက် သစ်အလုံးပေါင်း တန်ချိန် ၁၂၀၀၀ ကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့မှုကြောင့် နိုင်ငံ၏ သစ်တောများအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာကာ သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေးအဖွဲ့၏ ဒါရိုက်တာ တင်မာမန်နူရန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဗီယက်နမ်နိုင်ငံသို့ ထရာမီမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဟနွိုင်း အောက်တိုဘာ ၂၈**

ဗီယက်နမ်နိုင်ငံတွင် ထရာမီမုန်တိုင်း အောက်တိုဘာ ၂၇ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဗီယက်နမ်မိုးလေဝသခန့်မှန်းတိုင်းတာရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထရာမီမုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက်က ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကာ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသများသို့တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းသည် ကွမ်းဘင်စီရင်စုမှ ကွမ်းနန်စီရင်စု တစ်လျှောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မှာ စင်တီမီတာ ၆၀ ထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသခန့်မှန်းတိုင်းတာရေးအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည်။

"ထရာမီမုန်တိုင်းဟာ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသတွေကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၅၄ မိုင်နှုန်းနဲ့တိုက်ခတ်နေပါတယ်။ မုန်တိုင်းအားကောင်းနေပြီး မိုးသည်းထန်စွာရွာသွန်းမှုတွေဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာ စင်တီမီတာ ၆၀ ထိမြင့်တက်နေပြီး နေရာတော်တော်များများမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်"ဟု မိုးလေဝသခန့်မှန်းတိုင်းတာရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ထရာမီမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် လေဆိပ်လေးခုကို ယာယီပိတ်ထားရပြီး မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျနေသည့်အတွက် လမ်းမကြီးတချို့ ပိတ်ဆို့ကာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat




# မုန်တိုင်းဒဏ်သင့် အိုဒီရှာပြည်နယ်တွင် လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနေ

**နယူးဒေလီ အောက်တိုဘာ ၂၈**

ဒါနာဟုအမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်သို့ဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်ကြီးများနှင့် ဓာတ်တိုင်များ လဲကျခဲ့ခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် အောက်တိုဘာ ၂၇ ရက်ကစတင်၍ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးနေကြောင်း အိုဒီရှာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသော လူနေအိမ်ပေါင်း ၁၅ သိန်းခန့်ရှိခဲ့ပြီး ၎င်းအနက် ၁၄ ဒသမ ၈ သိန်းကျော်ကို ၁၂ နာရီအတွင်း လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း လျှပ်စစ်မီး ပြတ်တောက်နေဆဲဖြစ်သည့် လူနေအိမ်ပေါင်း ၅၀၀၀ ကျော် ကျန်ရှိနေဆဲဖြစ်၍ လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်နေသည့် လူနေအိမ်တွေ၊ စီးပွားရေးအဆောက်အအုံတွေကို လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိဖို့အတွက် ကြိုးစားပေးခဲ့ပါတယ်။ မုန်တိုင်းတိုက်ခတ်ခဲ့ပြီး ၁၂ နာရီအတွင်း လျှပ်စစ်မီးပြန်လည်ရရှိဖို့ဆောင်ရွက်ပေးခဲ့ပါတယ်။ လူနေအိမ်ပေါင်း ၁၄ ဒသမ ၈ သိန်းကျော်ကို လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ လူနေအိမ်ပေါင်း ၅၀၀၀ ကျော် ကျန်နေပါသေးတယ်"ဟု လျှပ်စစ်မီးအဓိကဖြန့်ဝေပေးနေသည့် Tata ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လောင်ကျွမ်းနေသည့်တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ယနေ့တွင် တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ပြီး တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်သည့်အတွက် အင်အားသုံးငြိမ်းသတ်ခဲ့ရာ တောမီးကိုထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိသော်လည်း အယ်လ်ဒီလာရေီယာရှိဂိုဒေါင်တစ်လုံးကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား ၆၀ ကျော်ဖြင့်ငြိမ်းသတ်ခဲ့ရပြီး မီးသတ်ယာဉ် အမြောက်အမြားကိုလည်း သုံးစွဲခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဒီနေ့မှာ ဘဂ္ဂဒက်မြို့အနီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးအရှိန်ပြင်းထန်ခဲ့ပြီးတော့ လူနေအိမ်တွေဆီကို ခြိမ်းခြောက်နိုင်တဲ့အတွက် လူအင်အားသုံးပြီးတော့ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ တောမီးဟာ ဂိုဒေါင်တစ်လုံးကိုတော့ ကူးစက်လောင်ကျွမ်းခဲ့တယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေ တော့မရှိခဲ့ပါဘူး။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၆၀ ကျော်စေလွှတ်ခဲ့ပြီး ငြိမ်းသတ်ခဲ့လို့ တောမီးကိုထိန်းချုပ်နိုင်ခဲ့ပါတယ်"ဟု အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းခဲ့သောဂိုဒေါင်အတွင်း ရေခဲသေတ္တာများ၊ အခြားသောလျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများသိုလှောင်ထားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

5 Digits Online Lottery

**5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်**




ဆတိုးဆုကြီး Jackpot

ထီတစ်စောင် (၁၀၀၀)ကျပ်

လစဉ်ထီဖွင့်ရက် ၂ ရက်နှင့် ၁၆ ရက်

ထီကံစမ်းခွင့် တစ်လ (၂) ကြိမ်

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ်နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆုအတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ်ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်းတွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်းဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**


# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၇၄၉၃၀ စိုက်ပျိုးပြီးစီး



**ဒေးဒရဲ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၇၄၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၇၄၉၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန် ဒေသခံ တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေးဒရဲမြို့နယ်အတွင်း စပါး ဧက ၁၇၄၉၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ မိုးစပါး စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကိုလဲ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ အစားထိုးမြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးခဲ့ပါတယ်။ ဒါကြောင့် မိုးစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် မိုးစပါး စိုက်ပျိုးရာ၌ ဧည့်မထ၊ ပေါ်ဆန်း၊ ရောမင်း၊ ပခမ်း၊ ရွှေသွယ်ရင်၊ GW-11၊ GW-1 စသည့် စပါးမျိုးများ စိုက်ပျိုးထားပြီး အဆိုပါစပါးမျိုးများသည် ဒေသမြေရာသီဥတု အခြေအနေနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကျောက်ကလပ်ကန်ပတ်လမ်း၌ ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ကလပ် ကန်ပတ်လမ်း၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျောက်ကလပ်ကန်ပတ်လမ်း၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျောက်ကလပ်ကန်ပတ်လမ်း၌ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၃၂ ဒသမ ၉၇၅ သန်းဖြင့် မြသမီးတော်ကုမ္ပဏီက ယခုနှစ် ဇွန် ၁၀ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**








## အမည်မှန်

အမရပူရမြို့နယ်၊ အထက(၂)၊ Grade-8(B)တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မျိုးသိန်း ၏သမီး မအိအိဖြိုးစံ ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမ့်မှူးသဇင် ဖြစ်ပါကြောင်း။

**မအိမ့်မှူးသဇင်(၉/အမရ(နိုင်)၂၀၈၅၈၉)**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ဒါးဝယ်ဈေးရပ်ကွက်**၊ အကွက်အမှတ် (၂)၊ အကွက်အမည် **ဘော်ဂါမြောက်ကွင်း**၊ ဦးပိုင်အမှတ်(**၃၃/က**)၊ ဧရိယာ (၀.၀၂၇)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၃၃/ခ

(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၃၃/င

(ဂ) တောင်လားသော် - ကားလမ်း

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၃၁/ခ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်သူ** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက် စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**

**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## အဖိုးတန်ရေချိုကို ချွေတာပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့်ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲတွင် ဒဂုံပေါ့အသင်း နိုင်ပွဲရရှိ မဟာယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဒဂုံပေါ့အသင်း နိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ ဒဂုံပေါ့အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် နိုင်ကိုကို၊ ပွဲချိန် ၆၅ မိနစ်တွင် ကျော်ထူးတို့က သွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပို နှစ်မိနစ်တွင် မင်းမင်းခန့်က သွင်းယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ❍

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၅ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စာမျက်နှာ ၁၉ ကော်လံ ၃ ☆




**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန် လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံးကာ တစ်ဦးကို လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline-09-450450561, 09-450450562, 09-450450563